# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၈၉)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ၁၉-၉-၂၀၂၄၊ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဇမ္ဗူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေး၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဇမ္ဗူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင် ပြည်သူများကို အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပျဉ်းမနားမြို့နယ် မင်္ဂလာဇမ္ဗူဟာသာသနာ့ဗိမာန် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေး စကားပြောကြားပြီး ထောက်ပံ့ ရေးပစ္စည်းများ ပေးအပ်သည်။

စာမျက်နှာ ၃ သို့ *

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

မိုး/စလ

## ယနေ့ ဖတ်စရာအညွှန်း

**မုံရွေးမှတ်စု မြန်မာမှု**

**သုတဝေဖြာ ရုပ်ပုံလွှာ(ဆောင်းပါး)**

စာမျက်နှာ ၁၇

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၁ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေး နေ့စဉ်

# မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုဖြင့် ဂုဏ်ယူပါ

ဝတ်စားဆင်ယင်မှုသည် လူသားတိုင်းအတွက် လွန်စွာအရေးကြီးလှသည်။ မြန်မာတို့သည် မိမိရိုးရာအလိုက် ဝတ်စားဆင်ယင်လေ့ရှိကြောင်း တွေ့ရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို သိလိုလျှင် ထိုနိုင်ငံ၊ ထိုလူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို လေ့လာနိုင်းယှဉ်နိုင်သည်။ မြန်မာတို့တွင် ရှေးခေတ်အဆက်ဆက်ကပင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိခဲ့ကြသည်။ ယဉ်ကျေးမှုတွင် ဝတ်စားဆင်ယင်မှုသည်လည်း အပါအဝင်ဖြစ်၍ အရေးကြီးပါသည်။

ဝတ်စားဆင်ယင်မှုဆိုင်ရာ မြန်မာ့ရိုးရာဓလေ့တို့သည် ကာလဒေသကိုလိုက်၍ ကွဲပြားမှုရှိသော်လည်း ရာသီဥတုသဘာဝပတ်ဝန်းကျင်နှင့်လိုက်ဖက်သော ဣန္ဒြေသိက္ခာကို ထိန်းသိမ်းပေးသော အစဉ်အလာမှာမူ မကွဲပြားချေ။ မြန်မာတို့သည် နေရာဌာနအလျောက် ဝတ်စားဆင်ယင်ကြသည်။ ထို့ပြင် ကျောင်း၊ ရုံး၊ ဈေး စသည်တို့နှင့်သင့်တော်မည့် ဝတ်စုံကိုသာ ဝတ်ဆင်ကြသည်။ ဘာသာရေး၊ လူမှုရေးနှင့်ပတ်သက်သော ပွဲလမ်းသဘင်တို့တွင်မူ ပွဲထိုင်ဝတ်စုံကို ဝတ်ဆင်လေ့ရှိသည်။ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုဖြင့် ဂုဏ်ယူရမည်ဖြစ်သည်။

မြန်မာတို့သည် ဝတ်စားဆင်ယင်မှုတွင်လည်း ကိုယ့်မြေကိုယ့်အခြေအနေနှင့် လိုက်လျောညီထွေအောင် တီထွင်ဝတ်ဆင်ခဲ့ကြသည်။ မြန်မာတို့သည် ဟီရိ ဩတ္တပ္ပတရားပြည့်စုံစွာ မောင်နှမ၊ သားနှင့်အမိ မြင်ရုံဖြင့် မတင့်တယ်သော အဝတ်အစားများကို မဝတ်ဆင်ကြပါ။ ထိုမြတ်နိုးဖွယ် မြန်မာတို့၏ အကျင့်စရိုက်ကို မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ မြန်မာအားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ စနစ်တကျ သန့်ရှင်းသပ်ရပ်လုံခြုံစွာ ဝတ်ဆင်သင့်ပါသည်။

သို့သော် ပြောင်းလဲလာသော ခေတ်စနစ်အရ မြန်မာ့ဝတ်စုံတို့၏နေရာတွင် အနောက်တိုင်းဝတ်စုံများက ဝင်ရောက်နေရာယူလာခဲ့သောအခါ အမျိုးသမီးများ၏ သဘာဝအတိုင်း နိုင်ငံခြားဖြစ်အထည်တို့၏ ဖြားယောင်းမှုနောက်သို့ ပါခဲ့ရတော့သည်။ မြန်မာအမျိုးသမီးတို့ကိုယ်တိုင် ရက်ကန်းရက်ကာ အပင်ပန်းခံစရာမလိုတော့သော်လည်း မြန်မာတို့၏ အိမ်တွင်းမှုနှင့် ရက်ကန်းပညာတို့မှာမူ မေးမိန်ပျောက်ကွယ်မည်ကို စိုးရိမ်ရသည်။ ထို့ပြင် နိုင်ငံခြားမှ မင်းသား၊ မင်းသမီးသရုပ်ဆောင်တို့၏ အပြုအမူ၊ ဝတ်စားဆင်ယင်မှုများက မြန်မာတို့ကို လမ်းလွဲလိုက်စေရန် မြူဆွယ်နေကြသည်ကို သတိပြုဖို့လိုမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာလူငယ်များအနေဖြင့် အနောက်တိုင်းယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတို့တွင် လမ်းလွဲမလိုက်ရန် တစ်နည်းအားဖြင့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုကို ရှောင်ကြဉ်သင့်လှပါသည်။

သို့ဖြစ်ရာ မြန်မာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှုရှိသူများဖြစ်ပြီး မိမိတို့ယဉ်ကျေးမှုနှင့် လိုက်ဖက်ညီသော ဝတ်စားဆင်ယင်မှုများကို ရိုးရာမပျက်ဝတ်ဆင်ခြင်းဖြင့် မြန်မာလူမျိုးဖြစ်ရခြင်းအပေါ် ဂုဏ်ယူသင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

## (၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်ကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးမြို့ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန ဦးစီးပဓာန နာယက ဆရာတော် တောင်တန်းဒေသ သာသနာပြုပြဟ္မစိုရ်ဆရာတော် ဘဒ္ဒန္တတိက္ခ (အဘိဓဇမဟာရဋ္ဌဂုရု) နှင့် ဘဒ္ဒန္တနေမိန္ဒ(အဂ္ဂမဟာပဏ္ဍိတ) တို့ ဦးဆောင်သော နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)၏ ၁၃၈၆ ခုနှစ် (၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံ ကထိန်တော်ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါ တောင်တန်းဒေသ သာသနာပြုရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး အစီအစဉ်အရ ဦးစွာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက အဖွင့်အမှာစကားနှင့်အတူ (၁၇)ကြိမ်မြောက် ကထိန်အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ပဒေသာပင်တစ်ပင်၊ တစ်ကျောင်းစာအတွက် ငွေကျပ် တစ်သိန်းတစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း၊ လက်ရှိပေးထားသည့် စီမံချက်အတိုင်း ဆောင်ရွက်ရန် ပြောကြားသည်။(**အပေါ်ယာပုံ**)



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် အသင်းထောက်များနှင့် ကော်မတီဝင်များက မရှင်းလင်းသည်များကို မေးမြန်းဖြေကြားကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

လှူဒါန်းနိုင်သော ကာလမှာ သီတင်းကျွတ်လပြည့်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိဖြစ်ပြီး ဘုန်းကြီးကျောင်း ၁၅၈၃ ကျောင်းကိုသာ ပေးလှူမည်ဖြစ်ကြောင်း သိရသည်။ (**ဝ၄၉**)

## စည်ပင်ဝန်ထမ်းများအား (၁၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမဆောင်တွင် ပြုလုပ်ခဲ့ကြသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။ (**အပေါ်ပုံ**)

(၁၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် ၄၀၀ စည်း၊ ခရမ်းသီး ၇၀၀ ထုပ်၊ ဘူးသီး ၃၀ လုံး၊ ဒန့်ဒလွန်သီး ၁၂၀ စည်း၊ ဘူးညွန့် ၅၀ စည်း၊ ငှက်ပျောသီး ၂၄ ဖီးတို့ကို သန့်ရှင်းရေးဌာန၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်များရှိ ဝန်ထမ်း ၅၂၇ ဦးနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနမှ ဝန်ထမ်း ၄၅ ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဦးစီးမှူး ဒေါ်ရွှေရည်ဝင်းနှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ (**မန္တလေးနေ့စဉ်-၃**)

## မန္တလေးမြို့ ဂီတချစ်မြတ်နိုးသူများ ပူးပေါင်း၍ ရေဘေးသင့်ဒေသများအတွက် တေးဂီတဖျော်ဖြေမှုများဖြင့် ရန်ပုံငွေရှာဖွေခဲ့ရာ ငွေကျပ်သိန်း ၁၂၀ ခန့်ရရှိ

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးမြို့မှ ဂီတမြတ်နိုးသူများ ပူးပေါင်း၍ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ကူညီရန် တေးဂီတဖျော်ဖြေမှုများဖြင့် ရန်ပုံငွေရှာဖွေခဲ့ရာ နှစ်ရက်အတွင်း ငွေကျပ်သိန်း ၁၂၀ ခန့်ရရှိခဲ့ပြီး လာမည့် စနေနှင့် တနင်္ဂနွေနေ့များတွင်လည်း ဆက်လက်ဖျော်ဖြေသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

တေးဂီတဖျော်ဖြေမှုများဖြင့် ရန်ပုံငွေရှာဖွေခြင်းကို Royal Burma Co.,Ltd. ကရဝိက်ကဖေးနှင့် မန္တလေး ဂီတချစ်မြတ်နိုးသူများ စုပေါင်းပြီး စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်များက ၆၅လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား ကရဝိက်ကဖေးရှေ့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ဖျော်ဖြေခဲ့သည်ဟု ဦးခင်မောင်သန်း (တေးချစ်သူ)က ပြောသည်။

"ဦးစီးလုပ်တာက West Bank Ban က ကိုချိုပါ။ သူက ကရဝိက်ကဖေးနဲ့ တိုင်ပင်ပြီး ကရဝိက်ကဖေးရှေ့မှာ တီးဝိုင်းနဲ့ မန္တလေး ဂီတချစ်မြတ်နိုးသူတွေက ဆိုကြ၊ တီးကြတယ်။ သူတို့အတွက် ကရဝိက်ကဖေးက တာဝန်ယူစည့်ခံတယ်။နံနက်ပိုင်းနဲ့ ညနေပိုင်းခွဲပြီး မန္တလေး ဂီတနဲ့ အဆိုသမားတွေက မြန်မာသံစဉ်ရော၊ ခေတ်ပေါ်တေးသီချင်းတွေနဲ့ အစုံဖျော်ဖြေပါတယ်။ စက်ပိုင်းဆိုင်ရာမှာလည်း ဝိုင်းဝန်းကူညီကြတာပါ"ဟု ၎င်းက ပြောသည်။

ရေဘေးသင့်ဒေသများအတွက် ရန်ပုံငွေရှာဖွေသည့် ဂီတဖျော်ဖြေရာသို့ လမ်းပေါ်တွင် သွားလာနေကြသူများက အလှူငွေထည့်ဝင်သွားကြပြီး လှူဒါန်းနိုင်သည့် လိပ်စာမေးမြန်းသူများရှိသကဲ့သို့ K-Pay ဖြင့် ထည့်ဝင်လှူဒါန်းကြကြောင်း၊ ဂျပန်နိုင်ငံတွင် ရောက်ရှိနေသော မြို့မတီးဝိုင်းအဆိုတော်ဖြစ်ခဲ့သည့် ဒေါ်ချိုချိုအေးနှင့် ဂျပန်ရောက် မြန်မာများကလည်း K-Pay ဖြင့် ငွေကျပ် ၁၀သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

"လာမယ့် စနေနဲ့တနင်္ဂနွေနေ့မှာ ဖျော်ဖြေသီဆိုမှုတွေနဲ့ ရန်ပုံငွေရှာဖို့အတွက် သက်ဆိုင်ရာကို ခွင့်ပြုချက်တင်ထားပါတယ်။ ဒီတစ်ခါ ၇၅ လမ်းနဲ့ ၃၅ လမ်းထောင့်က ကရဝိက်ကဖေးရှေ့မှာ လုပ်ဖို့ စီစဉ်ထားတယ်။ ခွင့်ပြုချက်ရရင် နံနက်နဲ့ နေ့လယ်ပိုင်း တစ်ရက် နှစ်ချိန်ခွဲပြီး မန္တလေး ဂီတချစ်မြတ်နိုးသူများက သီဆိုဖျော်ဖြေကြမယ်။ လှူဒါန်းထောက်ပံ့ရမယ့်နေရာကိုတော့ အားလုံးတိုင်ပင်ပြီး ရွေးချယ်မှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အလားတူ မန္တလေးမြို့မှ ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ အသင်းအဖွဲ့များအနေဖြင့်လည်းကောင်း၊ တစ်သီးပုဂ္ဂလအနေဖြင့်လည်းကောင်း လိုအပ်သည့် ရေဘေးသင့်နေရာများသို့ သွားရောက်လှူဒါန်းထောက်ပံ့လျက်ရှိကြောင်း သိရသည်။

(**မန္တလေးနေ့စဉ်-၉**)

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

* ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် ယခုတစ်ကြိမ်တွေ့ကြုံရမှုသည် အကြီးမားဆုံးဖြစ်ကြောင်း၊ မိမိပုဂံ-ညောင်ဦးခရီးစဉ်မှအပြန်တွင် ရဟတ်ယာဉ်ဖြင့် ရေကြီးမှုဖြစ်ပေါ်ခဲ့သည့်နေရာများသို့ ကြည့်ရှုခဲ့ရာ တောင်ကျချောင်းရေများကြောင့် သစ်ပင်နှင့် သစ်တုံးကြီးများ ရေနှင့်အတူမျောပါလာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း တပ်ကုန်းမြို့အနီးတစ်ဝိုက်သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများမှာ အလုံးအရင်းလိုက်ဖြင့် စီးဆင်းခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပေါ်ခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍မရသော်လည်း ကြိုတင်ကာကွယ်မှုကိစ္စရပ်များကိုလုပ်ဆောင်နိုင်သကဲ့သို့သဘာဝဘေးအန္တရာယ် ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများ ပြန်ရောက်စေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်

☆ စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေ ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်

**များစွာ စိတ်မကောင်းဖြစ်ရ**

မိမိအနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုအပေါ် များစွာ စိတ်မကောင်း ဖြစ်ရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍မရသော်လည်း ကြိုတင်ကာကွယ်မှု ကိစ္စရပ်များကို လုပ်ဆောင်နိုင်သကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများ ပြန်ရောက်စေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေ ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် နိုင်ငံတော်မှဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပျက်စီးဆုံးရှုံးခဲ့သည့် ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်နိုင်ရေး လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်စေရန်အတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချိန်ကာလအားဖြင့် အများဆုံးခြောက်လတာကာလအတွင်း မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ရန် ပြောကြားထားပြီးဖြစ်ကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း အထူးသဖြင့် စပါးစိုက်ခင်း၊ ပဲစိုက်ခင်း၊ နှမ်းစိုက်ခင်းများနှင့် အခြားသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ကြောင်း၊ စပါးစိုက်ပျိုးသူ တောင်သူများအနေဖြင့် ရေပြန်ကျချိန်တွင် စပါးတစ်သီး ပြန်လည်စိုက်ပျိုးရန်အတွက် ခက်ခဲသွားကြောင်း၊ မည်သို့ပင်ဖြစ်စေ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ တတ်နိုင်သမျှ ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း၊ နွေသီးနှံများကို အပြည့်ပြန်လည် စိုက်ပျိုးပြီး မိုးရာသီတွင် ပျက်စီးသွားသည့် သီးနှံများကို ဖြည့်စွက်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း မိုးရွာသွန်းမှုများပြားသဖြင့် ဆည်/တာတမံများအတွင်း ရေများ ပြည့်ဝစွာ ဝင်ရောက်လျက်ရှိသောကြောင့် လာမည့်နွေရာသီအတွက် စိုက်ပျိုးရေကို အပြည့်အဝရရှိစေမည်ဖြစ်ကြောင်း။

မွေးမြူရေးများနှင့် ပတ်သက်၍လည်း မွေးမြူထားသည့် တိရစ္ဆာန်များ သေဆုံးခဲ့မှုများရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက်လည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင်လည်း စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် အကျိုးကျေးဇူးများကို ပိုမိုရရှိခံစားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အဝတ်တစ်ထည် ကိုယ်တစ်ခု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် "သဘာဝဘေးအန္တရာယ်ဆိုတာက ရှောင်ရှားလို့မရဘူးပေါ့ဗျာ၊ တကယ်တော့ စိတ်မကောင်းဘူးပေါ့လေ၊ နိုင်ငံတော်ရဲ့ ဆုံးရှုံးမှုဆိုတဲ့ဟာထဲမှာလည်း ခင်ဗျားတို့ရဲ့ပိုင်ဆိုင်မှုများပါသလို၊ နိုင်ငံတော်က တည်ဆောက်ထားတဲ့ လမ်းတို့၊ တံတားတို့ အဆောက်အအုံတွေ၊ စက်ရုံအလုပ်ရုံတွေ၊ လျှပ်စစ်ဓာတ်ပေးဝေရေး လုပ်ငန်းတွေ၊ ဆက်သွယ်ရေးလုပ်ငန်း ဒါတွေလည်း နိုင်ငံတော်ရဲ့ ဆုံးရှုံးသွားတာပဲ၊ ခင်ဗျားတို့လည်း ခင်ဗျားတို့ ပိုင်ဆိုင်မှုတွေ ဆုံးရှုံးသွားတာပဲ၊ ခုနက ကျွန်တော်မေးတယ်။ ဘာတွေရခဲ့လဲဆိုတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုတည်းလို့ ဖြေတဲ့သူလည်းပါတယ်၊ တချို့လည်း ရတဲ့ဟာတွေ ကောက်ဆွဲလာရတာတွေပါတယ်။ တချို့လည်း နောက်ဆုံးတော့ သွားနေကျ ဈေးခြင်းလေးပါလာတယ်။ ဘာပစ္စည်းမှ မပါဘူး။ လူက အဲအချိန်မှာ ထူပူနေကြပြီကိုး။ ဆွဲမိဆွဲရာ ဆွဲလာတာပေ့ါ။ တော်သေးတယ်။ ကလေးတွေ ပါလာလို့။ ကျွန်တော်တို့ ဟိုဘက်မှာဆို ကလေးတွေပါသွားတာ ရှိပါတယ်။ စိတ်လည်းမကောင်းပါဘူး။ အတတ်နိုင်ဆုံးခင်ဗျားတို့ မူလအခြေအနေ အတိုင်းဖြစ်အောင်တော့ ကျွန်တော်တို့ ကူညီပေးပါမယ်။ သေဆုံးမှုအတွက်လည်း လူမှုဝန်ထမ်းဝန်ကြီးဌာနကနေပြီးတော့ လျော်ကြေးတွေ ပေးတယ်။ နောက်ဒဏ်ရာရတဲ့သူတွေကိုလည်း၊ နောက်တစ်ခါ ဆေးကုသမှုအတွက် ထောက်ပံ့ကြေးတွေပေးသလို၊ ပျက်စီးသွားတဲ့ အဆောက်အအုံတွေအတွက်လည်း အခုကျွန်တော်တို့ တွက်နေပါတယ်။ လုံးဝပျက်သွားတဲ့အိမ်တွေဆိုရင် ဘယ်လိုပေးမလဲ၊ တစ်စိတ်တစ်ပိုင်း ပျက်သွားတဲ့အိမ်တွေဆိုရင် ဘယ်လိုပေးမလဲ၊ လုံးဝပျက်သွားတဲ့ အိမ်မှာမှ တဲဆိုရင် ဘယ်လောက်ပေးမလဲ၊ ရိုးရိုးအိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ တစ်ထပ်အိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ နှစ်ထပ်အိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ တတ်နိုင်သလောက် ကျွန်တော်တို့ ပေးပါမယ်။ ဖြစ်နိုင်သလောက် ဒေသနဲ့ ကိုက်ညီတဲ့ဟာမျိုးတော့ ကျွန်တော်တို့ စဉ်းစားပါတယ်။ နောက် ကျောင်းနဲ့ပတ်သက်တာပေ့ါ။ ဒီလကုန်အထိ ကျောင်းတွေ ဖွင့်ဖို့ ကြိုးစားနေပါတယ်။ အကြောင်းကြောင်း ကြောင့် ကျောင်းတွေ ပိတ်ရတယ်ဆိုရင်လည်း စနေ၊ တနင်္ဂနွေမှာ

စာမျက်နှာ ၄ သို့ *

* စာမျက်နှာ ၃ မှ

အစားထိုးပြန်တက်ဖို့၊ သီတင်းကျွတ်ပြီးသွားရင်တော့ စနေ၊ တနင်္ဂနွေဖြစ်မှာပါ၊ ဝါမကျွတ်ခင်ကတော့ တနင်္ဂနွေပိတ်ရက်ရှိတယ်၊ ဒီတနင်္ဂနွေပိတ်ရက်ကိုတော့ ကလေးတွေ ကျောင်းတက်ကောင်း တက်ရလိမ့်မယ်၊ သို့သော် စာမေးပွဲဖြေရမယ့် အချိန်မှာ သူသင်ပြီးတဲ့ ဘာသာရပ်အတိုင်းပဲ ကျွန်တော်တို့ စာမေးပွဲစစ်ပေးပါမယ်၊ ကျန်တဲ့အချိန်တွေမှာတော့ ကျောင်းတော့ ပြန်တက်ရမယ်လို့ သဘာဝဘေးအန္တရာယ်ကြောင့် ပိတ်ထားရတဲ့ ကျောင်းတွေကို ဒီလိုစီစဉ်ထားပါတယ်၊ ဒါကြောင့် ခင်ဗျားတို့ ကျောင်းတွေလည်း ကလေးတွေ ပြန်လွှတ်ပေးဖို့ ပြောလိုပါတယ်၊ ပြန်လွှတ်ပေးပါ၊ စာတတ်လို့ရှိရင်၊ ပညာတတ်လို့ရှိရင် နောင်တစ်ချိန်အတွက်၊ သူတို့ဘဝအတွက် အများကြီး အထောက်အကူရတယ်၊ မဟုတ်ဘူးဆိုရင်တော့ တစ်ချိန်မှာ အခက်အခဲ ဖြစ်လာနိုင်တယ်၊ ခင်ဗျားတို့၊ ကျွန်တော်တို့ လူကြီးတွေကတော့ ပညာသင်ကြားလို့ မရတော့ဘူး၊ ခင်ဗျားတို့ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့ လမ်းကြောင်းအတိုင်းပဲ လက်ရှိအခြေအနေမှာ တို့နိုင်ငံတင် မဟုတ်ပါဘူး၊ ကျွန်တော်တို့ အာရှတင်ပဲလားဆိုတော့ မဟုတ်ဘူး၊ ဟိုဥရောပနိုင်ငံတွေလည်း ရေကြီးနေကြတာပဲ၊ သဘာဝကြီးက ဖြစ်လာတာဖြစ်ပါတယ်၊ သဘာဝဘေးအန္တရာယ် တစ်ကမ္ဘာလုံးမှာ ဖြစ်နေကြတာဖြစ်တော့ ဒီအပေါ်မှာ ကျွန်တော်တို့က ကြံ့ကြံ့ခံပြီးတော့မှ လူထုရဲ့ ကြံ့စည်မှုနဲ့၊ လုံ့လ၊ ဝီရိယနဲ့ အားထုတ်သွားမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ကျော်လွှားလို့ရမယ်ဆိုတာလေး ပြောချင်ပါတယ်၊ ဒီအတွက် မလျှော့တဲ့ ဇွဲလုံ့လနဲ့ ဆက်ပြီးလုပ်သွားကြဖို့လည်း အားမွေးသွားကြဖို့လည်း ပြောလိုပါတယ်၊ ဒီမှာ အားမွေးသွားကြပါ၊ ပြန်ရောက်လို့ရှိရင်လည်း ထိုက်သင့်တဲ့ နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့ ကျွန်တော်တို့ ထောက်ပံ့ပေးပါမယ်၊ ကျွန်တော် ပြီးပြီးရော မလွှတ်ပါဘူး၊ အကုန်လုံးစီစဉ်ပေးပါမယ်။"

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကိုပေးအပ်ရာရေဘေးသင့်ပြည်သူ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ညှိခန်းမဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

အခက်အခဲများကို မေးမြန်းရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ယခုကဲ့သို့ မိမိတို့ ရေဘေးသင့် ပြည်သူများကို နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်လာရောက် ထောက်ပံ့ပေးအပ်ပြီး အားပေးစကား ပြောကြားသည့်အတွက် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်ရပါ

ပေးထားမှုများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန် ညှိခန်းမဆောင်၌ တာဝန်

**သဘာဝဘေးအန္တရာယ် တစ်ကမ္ဘာလုံးမှာ ဖြစ်နေကြတာဖြစ်တော့ ဒီအပေါ်မှာ ကျွန်တော်တို့က ကြံ့ကြံ့ခံပြီးတော့မှ လူထုရဲ့ကြံ့စည်မှုနဲ့၊ လုံ့လ၊ ဝီရိယနဲ့ အားထုတ်သွားမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ကျော်လွှားလို့ရမယ်ဆိုတာလေး ပြောချင်ပါတယ်၊ ဒီအတွက် မလျှော့တဲ့ ဇွဲလုံ့လနဲ့ ဆက်ပြီးလုပ်သွားကြဖို့လည်း အားမွေးသွားကြဖို့လည်း ပြောလိုပါတယ်၊ ဒီမှာ အားမွေးသွားကြပါ၊ ပြန်ရောက်လို့ရှိရင်လည်း ထိုက်သင့်တဲ့နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့ ကျွန်တော်တို့ ထောက်ပံ့ပေးပါမယ်၊ ကျွန်တော်ပြီးပြီးရော မလွှတ်ပါဘူး၊ အကုန်လုံးစီစဉ်ပေးပါမယ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းအတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

**ကျွန်တော်တို့ရှိတယ်၊ နောင်ကျလို့ရှိရင် ကျွန်တော်တို့ကလေးတွေက ကျွန်တော်တို့ထက် သာအောင် လုပ်ပေးရမယ်၊ ကျွန်တော်တို့ ခေတ်ထက်သာအောင် လုပ်ပေးရမယ်၊ ဒါတကယ် မိဘပီသပါတယ်။"**

ယင်းနောက် ရေဘေးသင့် ပြည်သူများအား သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံကျော်လွှား၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားရာတွင် **"လက်ရှိအချိန် အခြေအနေမှာတော့ ဒုက္ခသုက္ခရောက်နေတာကိုတော့ ကိုယ်ချင်းစာပါတယ်၊ စိတ်လည်းမကောင်းပါဘူး၊ ကျွန်တော်တို့ တတ်နိုင်သလောက် နိုင်ငံတော်ပိုင်းကလည်း လုပ်ပေးပါမယ်၊ ကျွန်တော်**

များ ကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများ၏

ကြောင်း၊ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ကြားသိရသည့် အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယခု ရေဘေးရှောင် ကယ်ဆယ်ရေး စခန်း၌လည်း နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးကိစ္စများကို တာဝန်ရှိသူများ၏ စီစဉ်ပေးမှုကြောင့် အားလုံးအဆင်ပြေချောမွေ့မှုရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေဘေးသင့် ပြည်သူများအတွက် ကျန်းမာရေး ဝန်ကြီးဌာနက ကျန်းမာရေး စောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်၍ ဆောင်ရွက်

ရှိသူများအား တွေ့ဆုံ၍ ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို အမြန်ဆုံး စာရင်းကောက်ယူ၍ အချက်အလက်များ ပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ အိုးအိမ်များပျက်စီးမှုတွင် လုံးဝပြိုကျပျက်စီးဆုံးရှုံးခြင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးဆုံးရှုံးခြင်း၊ တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ တဲအိမ်စသည်ဖြင့် ထိခိုက်ပျက်စီးမှုများအလိုက် ဆုံးရှုံးမှုတန်ဖိုးများကို အပိုင်းလိုက် သတ်မှတ်ကာ ပျက်စီးမှု ရာခိုင်နှုန်းအလိုက် ထောက်ပံ့မှုများ ပမာဏသတ်မှတ်ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ထိုနည်းတူ သေဆုံးခဲ့ရသူများအတွက်လည်း နိုင်ငံတော်အနေဖြင့် ငွေကြေးထောက်ပံ့ပေး

ခြင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ဝန်ကြီးဌာနအလိုက် ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ထိခိုက်မှုအနည်းအများအလိုက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထောက်ပံ့မှုများ ဆောင်ရွက် ပေးနိုင်ရေးအတွက် စာရင်း ကောက်ယူခြင်းများ၊ ငွေကြေး တွက်ချက်ခြင်းလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ထိခိုက်ခဲ့ရသူများကို အမြန်ဆုံးထောက်ပံ့ပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန် လိုကြောင်း။

ရေဘေးသင့် ပြည်သူများအတွက် စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများကလည်း မိမိတို့တတ်နိုင်သည့်ဘက်မှ ကူညီပေးခြင်းများ၊ အစားအသောက် ထောက်ပံ့ ပေးအပ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း၊ သို့သော်လည်း ရေဘေးသင့် ပြည်သူများအနေဖြင့် သွားလာမှု အနီးအဝေးအပေါ် မူတည်၍ ထောက်ပံ့ရေးပစ္စည်းများ ညီတူညီမျှရရှိမှုမရှိခြင်း၊ အစားအသောက်များ ထောက်ပံ့ရာတွင် အလှူရှင်များ များပြားကွဲပြားသည့်အတွက် တွဲဖက်၍ စားသုံးရန်မသင့်သည်များကို တွဲဖက်စားသုံးမိခြင်း၊ သယ်ယူပို့ဆောင်ရာတွင် သန့်ရှင်းမှုအားနည်းခြင်းတို့ကြောင့် အစာအဆိပ်သင့်မှုတို့ သည်လည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ရေဘေးရှောင် ကယ်ဆယ်ရေး စခန်းများ အလိုက် လာရောက်လှူဒါန်းမှုများကို စိစစ်ဆောင်ရွက်သွားရန်လိုပြီး ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့၍ ဆောင်ရွက်သွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသွားမည်ဆိုပါက မလိုလားအပ်သော ထိခိုက်မှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် စေတနာရှင်အလှူရှင်များကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းအတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၂၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် စစ်သည်၊ မိသားစုများ၏ ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့ရမှုများ၊ အခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ရာ စစ်သည်၊ မိသားစုများက လက်ခံရယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်ဌာနချုပ်ရှိ အထက်တန်းကျောင်း၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**အားပေးစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နယ်မြေခံတပ်ဌာနချုပ် ဆေးခန်း၌ ဆေးကုသမှုခံယူလျက်ရှိသည့် စစ်သည်များအား သွားရောက်ကြည့်ရှု၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တောင်ကျချောင်းရေများ အလုံးအရင်းဖြင့် စီးဆင်းခဲ့မှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် မုန်ချောင်းကူး ကွန်ကရစ်တံတား ပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေစီးကြောင်းနှင့်အတူ သစ်ပင်သစ်လုံးကြီးများ၊ ကျောက်တုံးများ မျောပါခဲ့ပြီး အရှိန်အဟုန်ဖြင့် ရိုက်ခတ်ခဲ့မှုကြောင့် တံတားပျက်စီးခဲ့မှုများကို တင်ပြကြသည်။ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ မှာကြားကာ ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။



နယ်မြေခံတပ်ဌာနချုပ်ရှိ အထက်တန်းကျောင်းအဆောက်အအုံ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ဌာနချုပ်၊ အိမ်ထောင်သည်လိုင်းခန်းများအတွင်း တောင်ကျချောင်းရေ ဝင်ရောက်ခဲ့မှုကြောင့် ပျက်စီးခဲ့မှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရေများ ပြန်လည်ကျဆင်းသွားသည့်အချိန်တွင် နုန်းတင်ကျန်ခဲ့သည့်အထက်တန်းကျောင်း၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းတာဝန်ခံ ဆရာ ဆရာမများက ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့အခြေအနေများနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေး အတွက် လိုအပ်သည်များကို အမြန်ဆုံး ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် လမ်း၊ တံတားနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူ များကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ်ကယ်ဆယ်ရေးသင်တန်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေးသင်တန်း (Road Traffic Accident-Vehicle Extrication) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်တွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေးသင်တန်းဆင်းပွဲတွင် အသင်းလိုက်ကယ်ဆယ်ခြင်း ပြိုင်ပွဲများကျင်းပနေမှုအား ကြည့်ရှုအားပေးစဉ်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံတစ်ဝန်း၌ ဖြစ်ပွားကြုံတွေ့ရလေ့ရှိသည့် မော်တော်ယာဉ်တိမ်းမှောက်ထိခိုက်မှုပုံစံတစ်ခုချင်းစီအလိုက် ဖြစ်စဉ်ဖွင့်၍ အသင်းလိုက်ကယ်ဆယ်ခြင်း စွမ်းရည်ပြိုင်ပွဲများ ကျင်းပရာ သင်တန်းသားများ အဖွဲ့လိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရအသင်းနှင့် သင်တန်းသားတပ်ဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ စက်တင်ဘာ ၂ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ တပ်ဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းနယ်မြေ မီးသတ်စခန်းများမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား ၅၂ ဦး တက်ရောက်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းဖွင့်လှစ်ခဲ့ခြင်းကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာကာ မော်တော်ယာဉ် မတော်တဆမှုဖြစ်စဉ်များတွင် အချိန်နှင့်တစ်ပြေးညီ ပိုမိုထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး မော်တော်ယာဉ် မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား ဆေးရုံ/ဆေးခန်းများသို့ အချိန်မီ ပို့ဆောင်နိုင်မည်ဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းစေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်များသို့ သွားရောက်ကွင်းဆင်းစစ်ဆေး၊ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေး၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်နှင့်ကျောက်ဆည်ခရိုင်များသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားများ ပြောကြားပြီး ရေကြီးရေလျှံမှု ဖြစ်စဉ်များကြောင့် ပျက်စီးမှု အခြေအနေများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရမည်းသင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းက ဒေသဆိုင်ရာအချက်အလက်များ၊ ရေကြီး ရေလျှံမှုကြောင့် ကျေးရွာအချို့၊ အဆောက်အအုံများ ရေနစ်မြုပ်ပျက်စီးမှု၊ ရေဘေးသင့်ပြည်သူများကို ရေလွတ်ရာနေရာသို့ ရွှေ့ပြောင်းဆောင်ရွက်ခဲ့မှု၊ ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီမံဆောင်ရွက်ထားရှိမှု၊ ယာယီပိတ်ထားသည့် ကျောင်းများနှင့် ပြန်လည်ဖွင့်လှစ်နေသည့်ကျောင်းများအခြေအနေ၊ စိုက်ပျိုးဧရိယာများတွင်ရေများဝင်ရောက်၍ စပါးသီးနှံ အပါအဝင် ရာသီအလိုက်စိုက်ပျိုးထားသည့် သီးနှံများရေနစ်မြုပ်ခဲ့မှုနှင့် ပြန်လည်ကုစားနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများအတွက် တုံ့ပြန်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့များအကြား စနစ်တကျ ချိတ်ဆက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်သည့် ငွေ ကျပ် ၃၅,၁၀၁,၄၀၀ တန်ဖိုးရှိသည့် စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ပေးအပ်ပြီးနောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်သင်တန်းဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် ကျောင်းဝင်းအုတ်တံတိုင်းပျက်စီးခဲ့မှုနှင့် စာသင်ခန်းများတွင် စာသင်ကြားနေမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျီးနီကန်ရေလှောင်ကန်သို့ ရောက်ရှိပြီး ရေပိုလွှဲနေရာအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေနစ်မြုပ်ခဲ့သည့် ကန်ဆွယ်ကျေးရွာရှိ မနောသုခစပါး ဧက ၁၅၀၊ ငရုတ် ဧက ၇၀၊ ရွှေတောင်/B31 ဝါ ဧက ၄၀၊ နှံစားပြောင်း စိုက်ခင်းတို့အားလည်းကောင်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ ယာသီးနှံ သုတေသနဌာနခွဲ၊ စီပင်စိုက်ပျိုးရေး သုတေသနခြံရှိ ဆင်းရွှေကြာ-၂ နေကြာမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းအတွက် စိုက်ပျိုးထားရှိမှု၊ ၂၀၂၄- ၂၀၂၅ ခုနှစ်အတွင်း စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရေကြီးနစ်မြုပ်ခဲ့မှု၊ ရေပြန်လည်ကျဆင်းမှုနှင့် ရှင်သန်နေမှု အခြေအနေများကိုလည်းကောင်း၊ လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် ရန်-မန်းလမ်းမှ ပျဉ်းမတော-သာယာအေးလမ်း (မိုးထိမိုးမိလမ်း)သို့ ရောက်ရှိပြီး ရေကြီးရေလျှံရေလွှမ်းမှုကြောင့် လတ်တလော လမ်းပန်းဆက်သွယ်ရေး ယာယီပြတ်တောက်ခဲ့ပြီး ယာယီတစ်ကြောင်းထိုး လမ်းပေါက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်အတွက် စက်အား လူအားဖြင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်ရှိ သီလဝခန်းမနှင့် ပျော်ဘွယ်မြို့နယ်ရှိ သာသနာ့ဗိမာန်တို့၌ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားများ ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေး၍ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကိုလည်းကောင်း၊ပျက်စီးဆုံးရှုံးသွားသော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လည်းကောင်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသို့ရောက်ရှိပြီး ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က စမုံရေထိန်းတမံဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင်သို့ရောက်ရှိပြီး ကျောက်ဆည်မြို့နယ်ပြည်ပန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် ရေကျဆင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









သတင်း စာမျက်နှာ ၆

















သတင်း စာမျက်နှာ ၆























# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများအား ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay QR Code နံပါတ် 70157401001 သို့လည်းကောင်း၊ KBZ Pay QR ကို Scan ဖတ်၍လည်းကောင်း၊ CB Pay၊ OK$ နှင့် AYA Pay များ၏ QR ကို Scan ဖတ်၍လည်းကောင်း၊ Wave Money ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂) နှင့် (၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း၊ Wave Money QR များကို Scan ဖတ်၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။




\\server2\e\npe\18-9-2024\01\036\Announcement(18-9-24)Final.docx

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ် (0111284000000063)ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE/BIC - MFTBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - 0111284000000063 သို့ လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

( ခ ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

( ဂ ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE - MYEBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး | ဦးသန်းစိုး | ဦးအေးမင်းသူ |
| ညွှန်ကြားရေးမှူးချုပ် | ညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| ၀၆၇-၃၄၀၄၀၅၀ | ရန်ကုန်တိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး |
| ၀၉-၂၀၂၁၄၉၁ | ဦးစီးမှူးရုံး | ဦးစီးမှူးရုံး |
| ဦးဝင်းရွှေ | ၀၉-၂၅၀၁၂၃၈၈၅ | ၀၉-၄၂၀၇၀၈၈၂၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၉-၄၂၀၇၄၀၁၆၀ | |
| ၀၆၇-၃၄၀၄၀၄၈ | ဒေါ်သန်းသန်းဝင်း | ဒေါ်သက်သက်အေး |
| ၀၉-၂၅၄၁၇၀၀၁ | ဒုတိယညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ဒေါ်ဖြူဖြူဝင်း၊ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး |
| ၀၆၇-၃၄၀၄၃၁၆ | ဦးစီးမှူးရုံး | ဦးစီးမှူးရုံး |
| ၀၉-၄၃၀၅၄၈၄၄ | ၀၉-၄၂၀၇၄၀၁၆၀ | ၀၉-၄၀၀၅၀၂၀၅၆ |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

( ခ ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

( ဂ ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄ x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ် စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ် ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ၄က်ပျောဖက်၊ အင်ဖက် စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၆ရက် နံနက် ၈ နာရီခွဲက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။



အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဇော်ထက်(သရက်)

## ပန်းချီဆရာနှင့် သူ၏သမီး အက်ဆေးများ ထွက်ရှိ

**မန္တလေး စက်တင်ဘာ ၁၈**

စာရေးဆရာနေမျိုး၏ ပန်းချီဆရာနှင့် သူ၏သမီး အက်ဆေးများ စာအုပ် ရွှဝံစာအုပ်တိုက်မှ စက်တင်ဘာလတွင် ထွက်ရှိလာသည်။ စာရေးသူ နေမျိုး၏ အမှာစာနှင့်အတူ အက်ဆေး ၂၅ ပုဒ်ကို စုစည်းထားပြီး ယင်းအက်ဆေးများမှာ ဒေးလီးအလဲဗင်းနှင့် ဥဒါန်းသစ်မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သော စာမူများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။

အက်ဆေးများမှာ နွေနေ့လယ်ခင်းမှတ်စု၊ နွေရာသီအက်ဆေး၊ ငါဖတ်ပြီးသားတွေ၊ နှစ်ကာလများ (၁)(၂)၊ ငါ့အကြောင်း(၄) အိမ်ခေါင်မိုးပေါ်က လေတံခွန်၊ အမှားကိုမြင်အောင်ကြည့် ပြင်ဆင်ကြရမည့်အချိန်၊ ပန်းချီဆရာနှင့် သူ၏သမီး၊ ကိုသောင်းဌေးတို့အိမ်၌ အိပ်စက်ခြင်း၊ ကဗျာဆရာနှစ်ယောက် ကုလားပဲဟင်းချက်တုန်းက၊ နွေဦးပေါက်ချိန်၊ အိမ်နံပါတ်(၁၇)၊ ပြေးနေသောဆိတ်တစ်ကောင်၊ ရေသူမ၊ နဲ့သမား၊ တောအသုဘ၊ အမေနက်ထယ်၊ အဖေနှင့် မဝင်းမေ၊ ရှာစားစိန်တင်ဟန်၏ ဆိုင်းသမားစာအုပ် ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် နေမျိုး၏ အမှာစာ၊ သူဖုန်းစားအက်ဆေး၊ ကျွန်တော့်အမေ၊ အနုပညာတောရ၊ အက်ဆေး(၄)ပုဒ်၊ ကျိုးကန်းအက်ဆေး၊ ကြွက်ထောင်ချောက်တို့ဖြစ်သည်။

"ယခုစာအုပ်ကလေးကား စာရေးဆရာတစ်ယောက်၏ ဘဝတွင် အသစ်တစ်ဖန်ပျော်ရွှင်ရမှုကို ပေးသောစာအုပ်ဖြစ်သလို စာရှုသူများကိုလည်း ရွှင်မြူးစေနိုင်လိမ့်မည်ဟု သတင်းစကားပါးလိုက်ရပါသည်"ဟု နေမျိုးက ဆိုထားသည်။ အက်ဆေးကြိုက်သူများ မန္တလေး၊ စာအုပ်အရောင်းဆိုင်များတွင် ငွေကျပ် ၉၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။



(အပေါ်ပုံ)

(PNT)

## ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သောဒေသများတွင် သေဆုံးခဲ့သော ဒေသခံပြည်သူများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများ ပေးအပ်မည်ဖြစ်

နေပြည်တော် စက်တင်ဘာ ၁၈

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၅၆ မြို့ နယ်မှ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လမ်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ လူနေအိမ်၊ ရုံး/ဌာန အဆောက်အဦ၊ စာသင်ကျောင်း၊ အခြားအဆောက်အဦများအား ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထိုကဲ့သို့ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော မြို့နယ် ၅၆ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာတို့တွင် ယနေ့နံနက် ၉ နာရီအထိ ကောက်ယူရရှိသော စာရင်းများအရ ပြည်သူ ၂၆၈ ဦး သေဆုံးခဲ့ပြီး ၈၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသည်။ ထိုသို့ သဘာဝဘေးဒဏ်ကြောင့် သေဆုံးခဲ့သည့် ပြည်သူများကို တစ်ဦးလျှင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ကျပ်ငါးသိန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျပ်သုံးသိန်း စုစုပေါင်း ကျပ်ရှစ်သိန်းကို ကျန်ရစ်သူ မိသားစုထံသို့ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း သီးခြားထပ်ဆောင်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထုတ်ပြန်ထားသည်။

ထို့ပြင် ထိခိုက်ဒဏ်ရာခံစားခဲ့ရမှုအခြေအနေနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးရမှု အခြေအနေများအပေါ်မူတည်ကာ လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့ စစ်ဆေးပေးလျက်ရှိပြီး ယနေ့နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## စမုံဆည်ကျိုး၍ ရွာပေါင်း ၂၀ကျော် အပျက်အစီးများပြီး လူသောင်းနှင့်ချီ အကူအညီလိုအပ်နေကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် စမုံဆည်ကျိုးကျ၍ ဆည်အောက်ဘက်ရှိ ကျေးရွာပေါင်း ၂၀ ကျော် ရေဘေးသင့်ခဲ့ရပြီး ရေပြန်ကျချိန်တွင် အပျက်အစီး များသည့်အတွက် အကူအညီ လိုအပ်နေသည်ဟု သတင်းအတု၊ သတင်းအမှားများ ရေးသားထုတ်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ယင်းကဲ့သို့ ဆည်ရေကျိုးပေါက်ခြင်း မရှိကြောင်း၊ ဆည်ရေများပြည့်လျှံ၍ ဖောက်ချရမည့်အခြေအနေ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့တင်ပြပြီး အသိပေးကြေညာချက် ထုတ်ပြန်ကာ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပြီးမှသာ ပြုလုပ်ရကြောင်း၊ ထို့ပြင် ရေဘေးသင့်ပြည်သူများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊




လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက ရေဘေးသင့်နေရာများသို့ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုယင်းမြို့နယ်မှတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက မီဒီယာကျင့်ဝတ်များအား ချိုးဖောက်၍ ပြည်သူလူထု စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် လုပ်ကြံရေးသားထားသည့် သတင်းအမှားကို ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများကို တပ်မတော်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ရှစ်လအရွယ် ကလေးငယ် တစ်ဦး အပါအဝင် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး ဘုရားကျောင်းနှင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများကို တပ်မတော်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ရှစ်လအရွယ် ကလေးငယ် တစ်ဦး အပါအဝင် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး ဘုရားကျောင်းနှင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ ၎င်းဒေသများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နေစဉ် အကြမ်းဖက် သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒရုန်းများဖြင့် လာရောက်တိုက်ခိုက်ရာမှ ဗုံးသီးများသည် အရပ်သားပြည်သူများနေထိုင်ရာ လူနေအိမ်များပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရကြောင်း၊ ယခုအခါ ပြည်သူလူထုအနေဖြင့် အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များအား ရွံရှာမုန်းတီးနေပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများ၏ တစ်ဖက်သတ် စွပ်စွဲရေးသားချက်များနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ပေးရန်အတွက် သတင်းမှားများဖြင့် ဝါဒဖြန့် မှိုင်းတိုက်နေသည်ကို သိမြင်လာပြီဖြစ်ကြောင်း ဒေသခံပြည်သူများ၏ ဆက်သွယ်ပြောကြားလာချက်အရ သိရသည်။ **သတင်းစဉ်**

## CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Nway Oo Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေသောက်ကန်ကျေးရွာနေ ကျော်ရဲအောင်အား မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “May.Tz,Htun”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ် ပန်းလှိုင်ရပ်ကွက်နေ မေသဇင်ထွန်းအား ည ၇ နာရီခွဲတွင်လည်းကောင်း၊ “Shwe Sin”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ် ဘုရားကြီးမြို့နေ ရွှေဇင်ထွန်းအား ည ၈ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၂၄ မှ

မိုးကြီးခြင်းများ၊ လေပြင်း တိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။

ယခုအချိန်တွင် အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ခြင်းမရှိသေးပါသဖြင့် ခန့်မှန်းချက်များအားလုံးသည် တိုင်းထွာသည့်အချိန်၊ အသုံးပြုသည့် Data နှင့် ခန့်မှန်းတွက်ချက်သည့် မော်ဒယ်လ်တို့အပေါ်မူတည်၍ မုန်တိုင်းရွေ့လျားမည့်လမ်းကြောင်းအမျိုးမျိုး ပြောင်းလဲနေပါသည်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ တွက်ချက်ရရှိသည့် ခန့်မှန်းချက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လှိုင်းတစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

၀-၀-၀-၀

ဥတုရာသီ
တောကိုမှီ၏။





# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မြို့တွင်းအဓိကလမ်းမကြီးများ ဘေး ဝဲ၊ယာ သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းပေါ်အုပ်မိုးကျနေသည့် အပင်ကြီးများ၏ သစ်ကိုင်းများ ရှင်းလင်း၍ အလင်းဖွင့်ဆောင်ရွက်နေမှု လှည့်လည်ကွင်းဆင်း စစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၁)ဦးမြင့်ဦးနှင့် တာဝန်ရှိဌာနမှူးများလိုက်ပါကာ ယနေ့ နံနက်ပိုင်းက မြို့တွင်း အဓိကလမ်းမကြီးများ ဘေး ဝဲ၊ယာ သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် အပင်ကြီးများ၏ လမ်းပေါ်သို့ အုပ်မိုးကျနေသည့် သစ်ကိုင်းသစ်ခက်များအား အလင်းဖွင့်ရှင်းလင်းခြင်း၊ လုပ်ငန်းများအား မြို့နယ်အလိုက် သတ်မှတ်နေရာများ၌ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကွင်းဆင်း စစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် အတွင်း ၆၂လမ်းမကြီးတစ်လျှောက် ၁၂လမ်းမှ ၂၆လမ်းအထိ လမ်းဘေး ဝဲ၊ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး မြောင်းဆယ်ယူသန့်ရှင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အပင်ကြီးများအား ကရိန်းကား၊ သစ်ပင်ဖြတ်စက် အသုံးပြု၍ လမ်းပေါ်သို့ မိုးကျနေသည့် သစ်ကိုင်းများအား ရှင်းလင်း၍ အလင်းဖွင့်ခြင်းလုပ်ငန်းများကို သန့်ရှင်းရေးဌာန၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနလုပ်သားများက စုပေါင်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က ကတ္တရာလမ်းနှင့် ရေနုတ်မြောင်းကြား မြေများအား ရေစီးဆင်းမှု ကောင်းမွန်စေရန် ရေမြောင်းတစ်လျှောက် မြေညှိမြေဖို့ခြင်း စနစ်တကျဆောင်ရွက်ပေးရန် ရေထွက်ပေါက်မြောင်းငယ်များ ပြုပြင်ပေးရန်၊ အပင်များအား မြေပြင်အထက်အမြင့်ပေ (၁၀)ပေ အတွင်း သစ်ကိုင်းများအား ရှင်းလင်းပေးရန်တို့ကို ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်အတွင်း ၆၂လမ်း၊ လမ်း၄၀ နှင့်၄၁လမ်းကြား မနော်ရမ္မမြောင်းမကြီးနှင့် ပလက်ဖောင်းအကြား မြေလွတ်နေရာများအား မြေညှိ၊ မြေဖို့လုပ်ငန်းဆောင်ရွက်၍ ဘဲစားမြက်ခင်းအဖြစ် ပြုပြင်ဆောင်ရွက်ရန် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန လုပ်သားများက မြေပြုပြင်ခြင်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က မျက်စိပသာဒဖြစ်အောင် ဖန်တီးပေးရန် မှာကြားခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ၆၂လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြား မနော်ရမ္မမြောင်းမကြီးအတွင်းမှ ဗေဒါဒိုက်ပင်များ ဆယ်ယူရှင်းလင်းရေး ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု မြောင်းနှင့် ပလက်ဖောင်းကြား မြေလွတ်နေရာများရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် ၃၆လမ်းမှ ၄၃လမ်းအတွင်း ၆၂ လမ်း မနော်ရမ္မမြောင်းတစ်လျှောက် တည်ဆောက်ပြီးဖြစ်သည့် (၁၂)ပေအကျယ် ပလက်ဖောင်းပေါ်ရှိ အရိပ်ရ တမာပင်များ၏ အောက်ခြေတွင် သာယာလှပရေး အုတ်ရိုးစီ ပန်းခုံများ ဆောင်ရွက်မှုပြီးစီးရေး၊ လမ်းတံတားဌာနမှ ဆောင်ရွက်ထားရှိမှု အခြေအနေအား ကြည့်ရှုကာ အမြန်ဆုံး ဆောင်ရွက်ရေးနှင့် ဆေးသုတ်မွမ်းမံမှုပါ တစ်ပါတည်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ ထို့ပြင် ပလက်ဖောင်းပေါ်တွင် ဈေးရောင်းချနေသည့် ဆိုင်များအားလည်း အမှိုက်များကို မိမိတို့ အမှိုက်ပုံးများဖြင့် စနစ်တကျ သိမ်းဆည်းရေးနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ မဖြစ်စေရေးတို့အတွက် နေ့စဉ်ကြီးကြပ် ဆောင်ရွက်သွားရန် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ၇၈လမ်း၊ ရန်-မန်းလမ်းမကြီး ဘေး ဝဲ၊ယာတစ်လျှောက် ဆိုင်ကယ်လမ်းပေါ်သို့ အုပ်မိုးကျနေသည့်အပင်ကြီးများ၏ သစ်ကိုင်းများအား ကရိန်းကား၊ သစ်ပင်ဖြတ်စက်များ အသုံးပြုကာ အလင်းဖွင့်ရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ အမရပူရမြို့နယ်အတွင်း ၆၂လမ်းမကြီးတစ်လျှောက် ပြည်လုံးကျော်ကျေးရွာမှ (မြစ်ငယ်-ထုံးဘို)ဖြတ်လမ်းအထိ လမ်းဘေးဝဲ၊ယာ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အပင်ကြီးများ၏ သစ်ကိုင်းများအား အလင်းဖွင့်ရှင်းလင်းခြင်း၊ စက်ယန္တရားဖြင့် ကတ္တရာလမ်းပေါ်တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ၆၄လမ်းနှင့်၆၅လမ်းကြား၊ ၂၈လမ်းဘေး ဝဲ၊ယာရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းဆယ်လုပ်သားများက ရေမြောင်းအတွင်းမှ မြောင်းစာအမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ နန်းစုပ်ယာဉ်ဖြင့် မြောင်းအတွင်းမှ ရွှံ့နွံများ စုပ်ယူဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀





# သီရိမာလာကုန်စိမ်းဈေးမှ ဈေးသူ၊ ဈေးသားများ ရေဘေးသင့် ပြည်သူများသို့ အသင့်စားသုံးနိုင်သည့်ပစ္စည်းများ သွားရောက်လှူဒါန်း



**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ သီရိမာလာကုန်စိမ်းဈေးမှ ဈေးသူ၊ဈေးသားများသည် ကျောက်ဆည်ခရိုင်၊ ကူမဲမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများသို့ အသင့်စားသုံးနိုင်သည့် ပစ္စည်းများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက သွားရောက် လှူဒါန်းခဲ့ကြကြောင်း မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးမှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

အဆိုပါ သီရိမာလာကုန်စိမ်းဈေးမှ ဈေးသူ၊ဈေးသားများသည် ရုတ်တရက် ရေကြီးရေလျှံမှု ဖြစ်ပေါ်သော လေးမြို့နယ်အတွင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့် ပြည်သူများသို့ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း၊ သွားရောက်ထောက်ပံ့ လှူဒါန်းမှုပြုလုပ်ရာတွင် မန္တလေးမြို့ ပရဟိတမင်းခေါင်အသင်းအဖွဲ့၊ရွှေမန္တလေးလူမှုကယ်ဆယ်ရေးအသင်း၊ ကူမဲမြို့နယ် ကွပ်ကဲရေးအဖွဲ့များနှင့် ချိတ်ဆက်ပြီး အသင့်စားသုံးနိုင်သည့် ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့ကြသည်။

"သီရိမာလာကုန်စိမ်းဈေးက ဈေးသူ၊ ဈေးသားတွေအနေနဲ့ အနယ်နယ်အရပ်ရပ်မှာဖြစ်နေတဲ့ ရေဘေးသင့်ပြည်သူတွေကို သွားရောက်လှူဒါန်းတာဆိုရင် တတိယအကြိမ်ရှိပါပြီ။သီရိမာလာဈေးသူ၊ ဈေးသားတွေအပြင် အနယ်နယ်အရပ်ရပ်က မိတ်ဆွေအပေါင်းအသင်းတွေ လှူဒါန်းထားသော မုန့်ခြောက်၊ ရှူးရှဲလက်ဖက်ထုပ် ၅၀၀၊ ခေါက်ဆွဲခြောက်အထုပ် ၃၅၀၀၊ ပေါင်မုန့် ၁၀၀၀ ထုပ်၊ ရေသန့်ခြောက်ဘူးတွဲ ၃၀၀၊ ဆန်သုံးအိတ်၊ အသင့်စားသုံးနိုင်တဲ့ ပစ္စည်းတွေကို လက်ခံပြီးတော့ လာရောက်လှူဒါန်းထားတာဖြစ်ပါတယ်။ ဆက်လက်ပြီး ဆန်များနဲ့ အသုံးအဆောင်ပစ္စည်းတွေကိုလည်း လှူဒါန်းဖို့ဆောင်ရွက်ထားပါတယ်"ဟု ၄င်းက ရှင်းပြသည်။

မြန်မာပြည်တွင်း၌ ရုတ်တရက် ရေကြီးရေလျှံဖြစ်ပေါ်နေသော အနယ်နယ်အရပ်ရပ်မှ ရေဘေးသင့်ပြည်သူများကို မည်သည့်နေရာဒေသကမဆို လာရောက်လှူဒါန်းနိုင်သကဲ့သို့ ရောက်ရှိရာအရပ်ဒေသမှ လူမှုကယ်ဆယ်ရေးအသင်းများနှင့်တကွ ပြည်သူ၊ ပြည်သားများမှ လှူဒါန်းပေးဖို့အတွက် တိုက်တွန်းနှိုးဆော်အပ်ကြောင်းလည်း ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၇၃)**



# အမှတ်(၁၀)အထကတွင် စတုဒိသာကျွေးမွေး၊ ကျောင်းဖွံ့ဖြိုးရေး ငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း(တော်ဝင်သံတဲကျောင်း)တွင် စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီခွဲက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်(မျက်မှန်ဆိုင်)မိသားစုက မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းဝန်ထမ်းများအား နေ့လယ်စာ စတုဒိသာ ကျွေးမွေးကြသည်။

အလှူရှင်မိသားစုသည် အမှတ်(၁၀)အ·ထ·က ဘက်စုံဖွံ့ဖြိုးရေးအတွက် အလှူငွေလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းနှင့် ဆရာမများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၅)**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**ညောင်ဦး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၌ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သော ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (World Ozone Day) အခမ်းအနားတွင် ညောင်ဦးခရိုင် အခြေခံပညာဦးစီးဌာန ခရိုင်ပညာရေးမှူး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနိုင်ဦးက ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်နှင့်ပတ်သက်၍ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် ရည်မှန်းချက် အောင်မြင်ဖို့ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်စို့ ဆောင်ပုဒ်အား ရှင်းလင်းပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ Video နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်(UNEP) အမှုဆောင်ဒါရိုက်တာ၏ မိန့်ခွန်းမှတ်တမ်း Video၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးမှတ်တမ်း Video တို့အား တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ပြသသည်။ ပြီးနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကာ ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများဖြင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၈၁)**

# မိုးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးစေ့နှင့် သွင်းအားစု (ဓာတ်မြေဩဇာနှင့် မျိုးစေ့)များ ထောက်ပံ့ပေးအပ်

**ငါန်းဇွန် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူများအား မျိုးစေ့နှင့်သွင်းအားစု (ဓာတ်မြေဩဇာနှင့်မျိုးစေ့)ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀နာရီက စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းမှ မြို့နယ်၏သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်နိုင်ရေး အစီအစဉ်ရရှိမှုအပေါ်မူတည်၍ သီးထပ်၊ သီးညှပ် ပိုမိုစိုက်ပျိုးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းလင်းက မိုးသီးနှံပန်းတိုင်အထွက်ရရှိရေး ဆောင်ရွက်မည့် တောင်သူများအား မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး စိုက်ပျိုးရေးအလေ့အကျင့်ကောင်းလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးစီးဌာန မြို့နယ်ဦးစီးမှူးတို့က တက်ရောက်လာသော တောင်သူများအား သွင်းအားစုပစ္စည်းများနှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးဈေးကွက်သို့ စားဖိုဆောင်သီးနှံများ ပြန်လည်ဝင်ရောက်လာသောကြောင့် ပုံမှန်ဈေးကွက်ပြန်ဖြစ်လာ

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးဈေးကွက်သို့ စားဖိုဆောင်သီးနှံများ ပြန်လည်ဝင်ရောက်သောကြောင့် ဈေးမြင့်တက်ခဲ့ရာမှ လက်ရှိချိန်တွင် ပုံမှန်ဈေးကွက် ပြန်ဖြစ်လာကြောင်း မန္တလေး ၄၁လမ်း၊ ကမ်းနားလမ်း ကုန်စိမ်းဈေးမှ သိရသည်။




မြန်မာတစ်နိုင်ငံလုံး မိုးရွာသွန်းမှုကောင်းခဲ့ရာ ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး ယခုအခါ ရေပြန်လည်ကျဆင်းကာ မန္တလေးကုန်စိမ်းဈေးကွက်သို့ စားဖိုဆောင်သီးနှံများ ဈေးပြန်လည်ကျဆင်းလာကြောင်း ဈေးတာဝန်ခံထံမှ သိရသည်။

"အရင်နှစ်တွေက မိုးရွာသွန်းမှုကောင်းနေတော့ စိုက်ခင်းတွေက ဆွတ်ခူးနိုင်မှုမရှိတာပါ။ ရေကြီးရေလွှမ်းမှုတွေဖြစ်တော့ ကားတွေမထွက်နိုင်ဘူး။ မန္တလေးဈေးကွက်ကို ဒေသအစုံက စားဖိုဆောင်သီးနှံတွေ မဝင်ရောက်နိုင်လို့ ပွဲရုံတွေမှာ လက်ကျန် သီးနှံတွေ အကုန်ဈေးမြင့်ကုန်တာပါ။ အခုတော့ ပုံမှန်ဈေးကွက် ပြန်ဖြစ်သွားပါပြီ"ဟု ၄င်းက ပြောသည်။

စက်တင်ဘာ ၁၇ ရက်တွင် ခရမ်းချဉ်သီးတစ်ပိဿာ ငွေကျပ် ၃၀၀၀ ဝန်းကျင်၊ ဂေါ်ဖီထုပ် တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀၊ ရုံးပတီသီး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဝန်းကျင် စသည့်ဖြင့် စားဖိုဆောင်သီးနှံများ ပုံမှန်ဈေးကွက်သို့ ပြန်လည်ရောက်ရှိလာသည်။

မန္တလေးဈေးကွက်သို့ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ မတ္တရာမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်တို့မှ စားဖိုဆောင်သီးနှံများ ရာသီအလိုက် ဝင်ရောက်လျက်ရှိရာ သီးနှံဝင်ရောက်မှုများချိန် ဈေးကျဆင်းလေ့ရှိပြီး ပုံမှန် မဝင်နိုင်သည့် အခြေအနေမျိုးတွင်သာ တစ်ခါတရံ ပုံမှန်မဟုတ်သည့်ဈေးများ မြင့်တက်လေ့ရှိကြောင်း သိရသည်။

**(ဝဲပုံ) ရွှေမန်း**




## မန္တလေးဗုဒ္ဓတက္ကသိုလ် (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ၊ ဘွဲ့လက်မှတ်များ ဆက်ကပ်

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး ဗုဒ္ဓတက္ကသိုလ်၏ (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် (တော်သလင်းလပြည့်နေ့) မွန်းလွဲ ၁ နာရီက မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၃၉လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ဇန်းမော်ကျောင်းတိုက်ရှိ မန္တလေးဗုဒ္ဓတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်တွင် ကျင်းပသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော မန္တလေး ဗုဒ္ဓတက္ကသိုလ်၏ဩဝါဒါစရိယ ဆရာတော်ကြီး ရှစ်ပါး၊ ပင့်သံဃာဆရာတော်ကြီး ခြောက်ပါး၊ ပါမောက္ခ၊ ဒုတိယပါမောက္ခ၊ မော်ကွန်းထိန်း၊ သင်ကြားစီမံကထိကဆရာတော် ၂၃ ပါးနှင့် ၂၀၂၃ ပညာသင်နှစ်တွင် အောင်မြင်တော်မူကြသော M.A ဘွဲ့ရ သံဃာတော် ၄၂ ပါး၊ B.A ဘွဲ့ရ ၄၈ ပါး၊ Diploma ဘွဲ့ရ သံဃာတော် ၁၈ ပါးနှင့် ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များ ကြွရောက်ကြည်ညိုကြသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မန္တလေးဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်က ဩဝါဒကထာမိန့်ကြားပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ ကျောင်းအုပ်ဆရာတော်၊ သင်ကြားစီမံကထိက ဆရာတော်များက ဘွဲ့လက်မှတ်များ ဆက်ကပ်ခဲ့ကြသည်။

ဆက်လက်၍ ရဟန်းဒါယကာ၊ ဒါယိကာမများက နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

*-*-*-*-*

## ပညာရေးဝန်ထမ်း သား၊ သမီးများအား ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာချီးမြှင့်

**အောင်လံ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူ ပညာရေးဝန်ထမ်း သား၊ သမီးများအား ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင်ပညာရေးမှူးရုံးခန်းမတွင် ကျင်းပသည်။



ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဦးဌေးလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် ဆရာ၊ ဆရာမများအနေနှင့် ကိုယ့်သားသမီးသာမက ကိုယ်သင်ကြားရသည့် ကျောင်းသား၊ကျောင်းသူမှန်သမျှကို သားသမီးကဲ့သို့ သဘောထား၊ စေတနာအပြည့်အဝနှင့် သင်ကြားပို့ချပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် ဗလငါးတန်နှင့် ပြည့်စုံပြီး လူချွန်လူကောင်းများ အများအပြား ပေါ်ထွန်းလာမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုရကျောင်းသား၊ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)



## လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊မိုင်းယောင်းမြို့နယ်တွင် မြို့နယ်ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ဝဲပုံ)**

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် မြို့နယ်ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုလှိုင်၊ မြို့နယ်ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် စာရေးများ စုစုပေါင်းအင်အား ၃၆ဦးဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း(မြို့နယ်အဆင့်) စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၁၈**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မဟာအောင်မြေမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်က သန်းခေါင်စာရင်းဆိုင်ရာ သဘောတရားများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းကို အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးရာ မဟာအောင်မြေမြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက ပို့ချပေးမည့် နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ၏ သင်တန်းပို့ချတက်ရောက်နေမှုကို ကြည့်ရှုအားပေးစကားပြောကြားသည်။ (ဝဲပုံ)

အဆိုပါသင်တန်းတွင် စာရင်းစစ်၊ စာရင်းကောက်ဆိုင်ရာ အကြောင်းအရာများနှင့် သန်းခေါင်စာရင်းဆိုင်ရာသဘောတရားများကို နည်းပြဆရာ၊ ဆရာမ ၁၂ ဦးတို့က သင်တန်းသား၊ သင်တန်းသူ ၁၄၄ ဦးတို့အား စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စာရင်းကောက်ယူရာတွင် မဟာအောင်မြေမြို့နယ်အတွင်း ရပ်ကွက် (၁၈)ရပ်ကွက်ရှိ ကောက်ကွက်ပေါင်း ၃၇၆ ကွက်တို့၌ စာရင်းစစ် ၃၃ ဦး၊ စာရင်းကောက် ၁၂၃ ဦးတို့က Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်း စနစ်ဖြင့် စနစ်တကျ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၅၆)

## ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးရာသီ၌ ပဲမျိုးစုံ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးရာသီ၌ ပဲမျိုးစုံ ဧက ၁၆၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးရာသီ ပဲမျိုးစုံစိုက်ပျိုးဖို့ ၁၆၉၅၃ ဧက လျာထားပြီး ၁၆၉၅၆ ဧက စိုက်ပျိုးပြီး ဖြစ်ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုအဖြစ် ပဲစင်းငုံနဲ့ ပဲတီစိမ်း စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံသီးနှံကို မြေပဲ၊ အစေ့ထုတ်ပြောင်းသီးနှံများနဲ့ သီးညှပ်စိုက်ပျိုးကြသလို သီးသန့်လည်း စိုက်ပျိုးကြပါတယ်။ တောင်သူတွက်ခြေကိုက် သီးနှံဖြစ်တာကြောင့် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ပဲမျိုးစုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးပညာရှင်များက ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး သင်တန်းပေးခြင်း၊ ကွင်းပြပွဲပြုလုပ်ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)



ကျေးရွာသစ်တော၊
ထင်းမျောအိမ်တိုင်
လိုင်လိုင်ရဖို့
စိုက်ပျိုးစို့ ။



## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၁၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက် ဘုံဆွမ်းလောင်းအသင်းတို့၏ (၁၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၅ နာရီခွဲက ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသည့် သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်၊ သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မ ဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းဒွိစုံ ငါးစုံနှင့် ငွေကျပ် ၇၅၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် ဇနီး ဒေါ်ယုယုဇော်၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက် ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ဝ၄ဝ)

## နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်း သွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၈**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စည်ပင်သာယာ ရဲတပ်ဖွဲ့(မန္တလေး) တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်း သွေးလှူဒါန်းခြင်းကို မန္တလေး အမျိုးသားသွေးလှူဘဏ်၌ ယနေ့ နံနက် ၁၀ နာရီက သွေးလှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းပွဲတွင် စည်ပင်သာယာရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်နိုင်ဦးစီးပြီး တပ်ဖွဲ့ဝင် ၁၁ ဦးနှင့် မိသားစုဝင် ငါးဦး၊ စုစုပေါင်း ၁၆ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ သွေးဘဏ်တာဝန်ခံ ဒေါက်တာစုလှိုင်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

နှစ်စဉ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့မှာ တပ်ဖွဲ့ဝင်များနှင့် မိသားစုများက သွေးလှူဒါန်းမှုများ ပြုလုပ်ခဲ့ရာ တာဝန်ရှိသူများက သွေးလှူရှင် တပ်ဖွဲ့ဝင်များနှင့် မိသားစုများကို အားပေးကြည့်ရှုကာ အာဟာရပြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အမျိုးသားသွေးလှူဘဏ်မှ လိုအပ်လျက်ရှိသော သွေးအမျိုးအစားများအလိုက် တပ်ဖွဲ့ဝင်များက အခါအားလျော်စွာ သွားရောက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## စံကားဝါရွှေမြေ

* စံကားဝါရွှေ ဝန်းရံပတ်
  ပုပ္ပါးတောင်တော် ရွှေတောင်မြတ် ။
* သစ်ရိပ်ဝါးရိပ် အေးစိမ့်စွာ
  တောလုံးမွှေးမြ ပန်းစံကားဝါ ။
* မင်းမဟာဂီရိ နတ်မောင်နှမ
  စံပျော်ကြရာ ဘုံဌာန ။
* မောင်တော်နှမတော် ရေတံခွန်နှစ်ဖြာ
  ကြည်လင်အေးမြ လှပစွာ
* ဖေဇော်ဂျီတွေ ဆေးမြစ်သွေး
  ကျောက်ပျဉ်ကြီးလည်း တွေ့နိုင်သေး ။
* သုံးဆယ့်ခုနစ်မင်း နတ်ရုပ်ပုံ
  ဓာတ်လမ်းစုံစုံ လေ့လာမကုန် ။
* လွမ်းမောဖွယ်ရာ ဇာတ်လမ်းက
  ကိုဗျတ္တနဲ့ မယ်ဝဏ္ဏ ။
* သားငယ်ပိုက်လို့ မျောက်ကြီးခုန်
  လွတ်ကျသွားမလား ရင်တွေတုန် ။
* စောင်းတန်းဘေးက ဈေးတန်းလေး
  ဆေးမြစ်စုံစုံ ဝယ်ဖို့ရွေး ။
* သစ်ဥ သစ်ဖု ဆေးမြစ်စုံ
  စံကားဝါမြေရဲ့ ဒေသကုန် ။
* ကျောက်ပန်းတောင်းက အာလူးကြော်
  စားကောင်းလှလို့ နာမည်ကျော် ။
* နှုးညံ့ချိုရှ ထန်းလျက်ချိုမွှေး
  အိမ်ပြန်လက်ဆောင် ဝယ်ခဲ့သေး ။ ။

**ခင်ဆွေလှိုင် (ပန်းချီ)**

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန် (၁)၊ (ဈ)ရပ်ကွက်ရှိ အထက (၂၇) အောင်တံခွန်ခန်းမ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်ကြီးတံခွန်မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ အဖွဲ့ဝင်ရဲမှူး ကျော်ဆန်း၊ အတွင်းရေးမှူး မြို့နယ် လဝကဦးစီးမှူး ဦးအောင်သွင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူ ၂၀၀ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အဆင့် သင်တန်းတက်ရောက်ပြီး မြို့နယ်အဆင့် သင်တန်းပို့ချမည့် ဆရာများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားကြသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အဖွဲ့ဝင်ရဲမှူး၊ အတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူးတို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းသုံးပစ္စည်းများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။**(အပေါ်ဝဲပုံ) (PNT)**

## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၈**

မိတ္ထီလာမြို့၌ လူထုမြို့လူထု အခြေပြုဗဟိုဌာန၌ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက စီစဉ် ဆောင်ရွက်သော ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာနေ့ (World Ozone Day ) အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး ကမ္ဘာ့အိုဇုန်းလွှာနေ့ အထိမ်းအခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုကလစ်ကို ပရိုဂျက်တာဖြင့် ပြသပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စက်တင်ဘာ ၁၁ ရက်ကကျင်းပခဲ့သော ကမ္ဘာ့အိုဇုန်းလွှာနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ (၄၅၃)



## သတင်းပဒေသာ

### လူငယ်အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အနာဂတ်မျိုးဆက်သစ်လူငယ် ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးလိမ္မာသည့် လူငယ်လူရွယ်များဖြစ်လာစေရန်နှင့် အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ လူငယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်

ပူတာအိုခရိုင်၊ နောင်မွန်းမြို့နယ်၌ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးဆိုင်ရာ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရာတွင် စနစ်ကျပြီး အဆင်ပြေချောမွေ့စွာ ကောက်ယူနိုင်ရေးအတွက် မြို့နယ်အဆင့် စာရင်းစစ်စာရင်းကောက် သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလူငယ်စကားဝိုင်း ကျင်းပ

ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ အသိပညာဗဟုသုတများ ရရှိစေရေး၊ ဉာဏ်ပညာမြင့်မားရေး၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ချီဖွေမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာအုပ်ပြပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက စာဖတ်ရှိန်မြင့်တင်ရေး "ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်စာအုပ်ပြပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အသိပညာပေး ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် စက်တင်ဘာ ၁၆ ရက်က ကျရောက်သည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို အခြေခံပညာမူလတန်းကျောင်း (နားမေတ္တာ)၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊လင်းခေးခရိုင်၊မိုးနဲမြို့နယ်၊သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်းကာ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက လွိုင်မြေရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း အင်ကြင်းဆောင်ခန်းမ၌ ကျင်းပရာ ရပ်ကွက်နေ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေဘေးကယ်ဆယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း




**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး၊တောင်စလင်းတိုက် သစ်ဘာဝနာဌာနပဓာန နာယက ဆရာတော် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရုဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးသို့ လတ်တလောဖြစ်ပေါ်ခဲ့သည့် ရေဘေးအတွက် အလှူငွေများ ပေးပို့လှူဒါန်းလျက်ရှိသည်။

မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဒေါက်တာဦးအောင်မင်း+ဒေါက်တာဒေါ်ခင်စုမာ၊ (သား)ဒေါက်တာ အောင်မျိုးဦး၊ (သမီး)ဒေါက်တာ မင်းမင်းချော မိသားစုတို့က ငွေကျပ်ဆယ်သိန်းလှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ အလားတူ မန္တလေးမြို့နေ အလှူရှင် ဦးဇော်ထွေး+ဒေါ်မြင့်မြင့်၊ (သမီး) ဒေါက်တာဆုပြည့်ဇော်၊ဒေါက်တာမြတ်နိုးဇော်၊ (သား)မောင်နိုင်ဇော်လူ မိသားစုတို့က ငွေကျပ် တစ်သိန်းကို လည်းကောင်း၊ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်နေ အလှူရှင် ဦးခင်မောင်ဦး+ဒေါ်သိန်းသိန်းမြင့်(ကြယ်ကမ္ဘာဖိနပ်လုပ်ငန်း)မိသားစုက ငွေကျပ် သုံးသိန်းကို လည်းကောင်း၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ နှစ်ဖက်မိဘတို့အား ရည်စူး၍ ဦးသက်အောင်+ဒေါ်တင်စောမို့မို့ မိသားစုက ငွေကျပ်ငါးသောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။ ဆက်သွယ်လှူဒါန်းလိုက ဖုန်း ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၄၄၂၀ ၇၄၄၆၆ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(ကဆ)**

မန္တလေး၊ ချမ်းအေးသာစံမြို့ နယ်၊ လမ်း ၈၀ ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပက အဖွဲ့ကဦးစီး၍ ဧကဒသမအကြိမ်၊ နဝမအပတ်၊ စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၆ နာရီက ကျင်းပရာ မန္တလေးမြို့၊ မူဆယ်လူမှုကူညီရေးအသင်းက ဆွမ်း၊ ဆွမ်းဟင်း၊ အရံဆွမ်းဟင်းများ လောင်းလှူကြပြီး အမျိုးသမီးအဖွဲ့ဝင်များကလည်း အနောက်ခင်မကန်ကျောင်းမှ သံဃာအပါး ၂၀၀နှင့် ရတနာပုံကျောင်းမှ သံဃာအပါး ၅၀ တို့အား ပင့်ဖိတ်၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများဖြင့် စုပေါင်းဘုံဆွမ်းလောင်းလှူကြစဉ်။ **(၀၉၃)**



## ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(မန္တလေး)သို့ အလှူငွေများ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ ဇီဝိတဒါန ဆေးရုံကြီး၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း(မွေးနေ့အထိမ်းအမှတ်)+ ဒေါ်အေးအေးကြိုင် စိုးမဟာကုမ္ပဏီလီမိတက်မိသားစုက ဆွမ်းအတွက် ငွေကျပ် ၁၀၅၀၀၀၀၊ ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်အပါး ၃၀ အတွက် ငွေကျပ် ၁၀၅၀၀၀၀ စုစုပေါင်း ငွေကျပ်၂၁၀၀၀၀၀ ကို ယမန်နေ့က လှူဒါန်းရာ နာယက ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ဦးမိတ်၊ ပါမောက္ခဒေါက်တာ ဦးတင်ထွဋ်၊ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင် တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်ခဲ့သည်။ အလှူရှင်များလှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄သို့ တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**

၀-၀-၀-၀-၀-၀






## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ,B.A)ထံမှ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား နာယူကြပြီး မန္တလေး၊ ၂၇လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြား၊ ပန်းဆိုးတန်းရပ်နေ ဒေါက်တာမျိုးမြင့်+ဒေါက်တာစိန်စိန်ဝင်း၊ (သား) ဒေါက်တာ ဝင်းမောင်မောင်မျိုး+ဒေါက်တာမျိုးမျိုးကို၊ (မြေး) မမေရှင်းသန့်မျိုး၊ မအိအိရှင်းသန့် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ကျပ်သိန်း ၃၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ငါးသိန်း၊ စုစုပေါင်း ငွေကျပ် ၃၅ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၃၆)**



## ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးမှ ရေဘေးအတွက် အဝတ်အထည်ထုပ်များ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး၊ တောင်စလင်းတိုက် သစ်ဘာဝနာဌာန၊ပဓာနနာယက ဆရာတော်ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရုဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က ရေဘေးအတွက် အမှန်လိုအပ်နေသည့် အဝတ်အထည်ထုပ်များကို ယမန်နေ့က သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် အသင်းများသို့တစ်ဆင့် ပေးပို့လှူဒါန်းလျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ဝံပထွေကျေးရွာသို့ ကျား၊ မ၊ ကလေး၊ လူကြီးပါ အထည်ထုပ် ၆၀၊ မန္တလေးတိုင်း၊ တံတားဦးမြို့နယ်သို့ ကျား၊ မ၊ ကလေး၊ လူကြီးပါ အထည်ထုပ် ၅၂ထုပ်၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်သို့ ကျား၊မ၊ ကလေး၊ လူကြီးပါ အထည်ထုပ် ၁၀၀၊ နေပြည်တော်သို့ ကျား၊ မ၊ ကလေး၊ လူကြီးပါ အထည်ထုပ် (၅၀+၅၀)၊ မန္တလေးတိုင်း၊ သဲတော၊ ဝမ်းတွင်းမြို့နယ်သို့ ကျား၊ မ၊ ကလေး၊ လူကြီးပါ အထည်ထုပ် ၆၀၊ စုစုပေါင်း ၃၇၂ထုပ်ကို အသီးသီးပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ကဆ)**

# မုံရွေးမှတ်စု မြန်မာ့သုတဝေဖြာ ရုပ်ပုံလွှာ

မောင်သန်း(မဟာဝိဇ္ဇာ)

ကုန်းဘောင်ခေတ်က ဘိုးတော်မင်းတရားနှင့် ဘကြီးတော်မင်းတရားလက်ထက်က ထင်ရှားကျော်ကြားခဲ့သော မုံရွေးဇေတဝန်ကျောင်းတော်ဆရာတော် အရိယဝံသ အာဒိစ္စရံသီ ဆရာတော်ရေးမှတ်ပြုစုထားသည့် မုံရွေးမှတ်စုသည် သုတဝေဖြာ ရုပ်ပုံလွှာအဖြစ် မှတ်သားရသည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာစုံလင်စွာ ပြုစုခဲ့သည်။

မုံရွေးဆရာတော်သည် မုံရွာမြို့ စီရင်စု၊ ကြေးမုံရွာဇာတိဖြစ်သည်။ အဖဘေးဘိုးသူကြီး မျိုးရိုးဖြစ်သည်။ သက္ကရာဇ် ၁၁၂၈ခုနှစ်၊ နယုန်လဆန်း ၄ရက်တွင် ဖွားမြင်သည်။ ငယ်မည် မောင်နိုးဟုသိရသည်။ အသက်(၆)နှစ်တွင် မုံရွေးရွာအရှေ့ကျောင်းတွင်အပ်နှံ၍ ပညာသင်ယူစေသည်။ အသက်(၁၂)နှစ်တွင် မုံရွေးဇေတဝန်ကျောင်းဆရာတော် ဦးဝိစိတ္တာလင်္ကာရထံ အပ်နှံ၍ ရှင်သာမဏေပြုရသည်။

ထိုအခါ အာဒါသမုခ ပျိုးသစ်ကို ဆိုသည်။ အသက်(၂၀)တွင် ရဟန်းပြု၍ စာပေကျမ်းဂန်များကို ကောင်းစွာသင်ယူ တတ်မြောက်တော်မူသည်။ အမရပူရ မြို့တည် နန်းတည် ဘိုးတော်မင်းတရားကြီးက ဆရာတော်၏ ဂုဏ်သတင်းကို ကြားသိရသောကြောင့် ငါးထပ်ကျောင်း ဆောက်လုပ်လှူဒါန်းတော်မူသည်။ ဘကြီးတော်မင်းတရားလက်ထက်တွင် ဆရာတော်ကို သက္ကရာဇ် ၁၁၈၈ခုနှစ်၌ အင်းဝမြို့သို့ ပင့်ဆောင်၍ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းတော်မူသည်။ ဆရာတော်၏ ရဟန်းအမည်မှာ အရိယဝံသအာဒိစ္စရံသီဖြစ်ပြီး မင်းက ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်မှာ ဣန္ဒဝံဇိရာဘိလင်္ကာရ သီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဖြစ်သည်။

ဆရာတော်ရေးသားပြုစုခဲ့သော စာပေများမှာ-

၁။ ပဋ္ဌာဝုဓပျို့
၂။ နာရဒပျို့
၃။ မဟာသီလဝပျို့
၄။ အာကာသသျှုတြလင်္ကာ
၅။ ပြာသာဒ်ကျောင်းဘွဲ့
၆။ ဥတေနပျို့
၇။ နာနာဆန္ဒပျို့
၈။ ကုသပျို့သစ်
၉။ ကဝိမဏ္ဍနိသတ်ပုံ
၁၀။ ပါရမီတော်ခန်းပျို့အဖြေ
၁၁။ ရာဇောဝါဒ မုံရွေးမေတ္တာစာ
၁၂။ သမန္တစက္ခု ဒီပနီကျမ်း
၁၃။ ရာဇဝင်သုံပေါက်များ ပြုစုခဲ့သည်။

ထို့ပြင် မုံရွေးဇေတဝန်ကျောင်းဒါယကာတရားသူကြီး ဦးရွှေပုနှင့် ညှိနှိုင်းတိုင်ပင်၍ အမွေခွဲပုံကြီး ဓမ္မသတ်ကျမ်း ရေးခဲ့သည်။

**ရာဇောဝါဒကျမ်းနိဂုံးတွင်-**

"ထိုထိုများစွာ၊ ဇာတ်ငါးရာမှ၊ ပဋ္ဌာဝုဓ၊ နာရဒနှင့်၊ အာဒါသရာဇာ၊ မဟာသီလဝ၊ ထိုမှတစ်ပါး၊ နာနာဆန္ဒ၊ ကုသဘုန်းရှိန်၊ ဥတိန်မင်းစော၊ ပြန့်ပြောနယ၊ အာကာသသျှုတြာ၊ ရတနာရောင်လွှတ်၊ ပြာသာဒ်ကျောင်းဘွဲ့၊ ပြုပြွဲသေချာ၊ မှတ်ရာကဲလွန်၊ သမန္တစက္ခု၊ အစုစုနှင့်၊ မင်းမှုစုံစွာ၊ မဟာရာဇဝင်၊ ကျမ်းပုံယင်ကို၊ စီရင်ပြီးမှ၊ နယကုံလုံ၊ ရေးရိုးစုံသား၊ သတ်ပုံကဝိမဏ္ဍနီ၊ ကျမ်းဂမ္ဘီလည်း၊ ကုံးသီပြီးမြောက်၊ လိုရရောက်၏" ဟူ၍ ဖော်ပြခဲ့သည်။

အထူးသဖြင့် မုံရွေးဆရာတော်သည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ဗဟုသုတ ကြွယ်ဝပြည့်စုံသူဖြစ်၍ မုံရွေးမှတ်စုမှာ မှတ်သားစရာများစွာပါရှိသည်။

**မြန်မာတိုင်းရင်းသား ဆေးပညာကုထုံး**

ကင်းကိုက်သော် ပြည်ပန်းညိုရွက်ကို ချေ၍ပွတ်၊ ကင်းမြီးကောက်ကိုက်သော် ဆင်ခရမ်းရွက်ကို ချေ၍ပွတ်၊ ကင်းခြေများကိုက်သော် ယုန်ရိုးကို သွေး၍လူး၊ ဆုံဆို့နာရှိအံ့ ကြက်ခြေထောက်ရိုးကို ဆားနှင့်သွေး၍ ဝမ်းဖွဲ့ထုပ်၍ ငုံ ဟူ၍ မှတ်စုရေးခဲ့သည်။

**ကြည့်အပ်၊ မကြည့်အပ် မှတ်စု**

နေကို မကြည့်အပ်၊ မီးကို မကြည့်အပ်၊ မှန်တောက်သည်ကို မကြည့်အပ်။ နေရောင်၊ မီးရောင်၊ မှန်ရောင်သည် မျက်စိကို ထိခိုက်နိုင်သည်။ ကြယ်ကို ကြည့်အပ်၏။ ငွေကို ကြည့်အပ်၏။ မြကို ကြည့်အပ်၏။ ရွှေကို ကြည့်အပ်၏။ ကြယ်ရောင်၊ ငွေရောင်၊ မြရောင်၊ ရွှေရောင်တို့သည် အေးချမ်းသော အသွင်ရှိ၍ မျက်စိကို မထိခိုက်နိုင်ဟု သိရသည်။

**ဂုဏ်(၅)ပါး**

မုံရွေးမှတ်စုတွင် တွေ့ရသော ဂုဏ်(၅)ပါး စာပေဆိုင်ရာ ရသ၊ အလင်္ကာ၊ ဂုဏ်(၁၀)ပါး မဟုတ်ပါ။

၁။ သဒ္ဓိဂုဏ် - သူ့ကိုအစေ့အစပ်၊ အပေးအကမ်း၊ အသိမ်းအမြန်းဖြင့် လက်နက်ဖြစ်စေသောဂုဏ်
၂။ ဝိဂြဟဂုဏ် - လက်ရုံးအရည်အချင်းကောင်းသောကြောင့် သူ၏အစေ့အစပ် အသိမ်းအမြန်းကိုမခံဘဲ သူ၏သဒ္ဓိဂုဏ်ကို ကျေးဇူးပြုသည်။
၃။ ယာနဂုဏ် - စစ်အင်္ဂါလေးပါးနှင့် ရန်သူ့ပြည်သို့ သွားခြင်းသည် ယာနဂုဏ်မည်၏။
၄။ ဒွိဓဂုဏ် - သူ့မြို့ကို ရန်သူစစ်ထိုးခြင်းသည် ဒွိဓဂုဏ်မည်၏။
၅။ သံသြရဂုဏ် - အရပ်အနေမသင့်သောကြောင့် မင်းတစ်ပါးကို မှီခိုကပ်ခြင်းသည် သံသြရဂုဏ်မည်၏ ဟူ၍ ထုံးဖွဲ့ထားသည်။

**မြန်မာ့ ၁၂လ မိုး**

၁။ တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး သကြန်မိုး။
၂။ ကဆုန်လအတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့။
၃။ နယုန်မိုးသေး၊ မြက်သားမွေး။
၄။ ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး။
၅။ ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ခြစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသဲ။
၆။ တော်သလင်းတိမ်ညို၊ စားဖိုသည်ဆင်းရဲ၊ မိုးမစဲ။
၇။ သီတင်းကျွတ်တွင် ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး။
၈။ တန်ဆောင်မုန်းတွင်း၊ ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်။
၉။ နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရှာတိမ်။
၁၀။ ပြာသိုချမ်းပြင်း၊ ဆီးနှင်းရေယှက်၊ နှမ်းပုံပျက်။
၁၁။ တပို့တွဲ၊ နှံ၍ရွာခြင်း၊ သံမိုးကြွင်း။
၁၂။ တပေါင်းလည်းကူး မိုးသားကြူးဟူ၍

တန်ခူးလမှ တပေါင်းလထိ ရွာသွန်းသော မိုး၏ သဘာဝကို စာပေပုံစံဖြင့် ဖော်ပြထားပါသည်။

**နေ့အလိုက် မင်းမှုသော သစ်ပင်**

၁။ တနင်္ဂနွေနေ့ - ဝါး မင်းမှု၏။
၂။ တနင်္လာနေ့ - သဖန်း မင်းမှု၏။
၃။ အင်္ဂါနေ့ - ထားဝယ်မှိုင်း မင်းမှု၏။
၄။ ဗုဒ္ဓဟူးနေ့ - သရက် မင်းမှု၏။
၅။ ကြာသပတေးနေ့ - သပြေ မင်းမှု၏။
၆။ သောကြာနေ့ - ငှက်ပျော မင်းမှု၏။
၇။ စနေနေ့ - အင်ကြင်း မင်းမှု၏။

ရှေးခေတ်မြန်မာ မိဘဘိုးဘွားတို့သည် အိမ်သစ်၊ တိုက်သစ်၊ ခြံသစ်၊ ဝင်းသစ် ဆောက်လုပ်သောအခါ အိုးသစ်၊ အိမ်သစ်ဆောက်လုပ်သော မြန်မာလက်သမားဆရာများ၏ ကျမ်းဂန်စာပေနှံ့စပ်မှုကို အခြေပြုတည်ဆောက်လေ့ပြုကြသည်။

**ဗေဒင်(၃)မျိုး**

၁။ ဣရု - နတ်တို့ကိုချီးမွမ်းရာ ကျမ်းဗေဒင်။
၂။ သာမ - မကောင်းမှုကို သုတ်သင်သော ဗေဒင်။
၃။ ယဇု - နတ်တို့ကို ပူဇော်သော ဗေဒင် ဟူ၍ သိရသည်။

**မိန်းမအရွယ် ပိုင်းခြားသတ်မှတ်ပုံ**

၁။ ဗာလာ - ရှေးဦးငယ်ငယ်ဘဝအရွယ်
၂။ ဒါရိကာ - ခုနစ်နှစ်အရွယ်
၃။ ဂေါရီ - ရှစ်နှစ်အရွယ်
၄။ ကလျာ - ဆယ်နှစ်အရွယ် ဟူ၍

မှတ်သားရသည်။

**အရွယ်သုံးပါး မှတ်သားစရာ**

မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်းလက်ထက်တွင် မြန်မာပညာရှိယောအတွင်းဝန် ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းကို ဗဟုသုတဖြစ်ဖွယ် တင်ပြချင်ပါသည်။

**ဆေးကျမ်းအလိုအရ အရွယ်သုံးပါးရှိသည်**

၁။ ဗာလ - မွေးသည်မှ (၁၆)နှစ်အတွင်း အရွယ်ကို ခေါ်သည်။
၂။ မဇ္ဈိမ - အသက်(၁၆)နှစ်မှ (၇၀) တိုင်အောင်ကို ခေါ်သည်။
၃။ ဝုဍ္ဍ - အသက်(၇၀)အထက်ဖြစ်၏ ဟု တွေ့ရသည်။

ဝိသုဒ္ဓိမဂ်အစရှိသော သာသနာတော်ကျမ်းဂန်တို့တွင် မွေးဖွားသည်မှ သုံးဆယ့်သုံးနှစ်သည် ပဌမအရွယ်။ သုံးဆယ့်သုံးနှစ်မှ ခြောက်ဆယ့်ခုနစ်နှစ်တိုင်အောင် ဒုတိယအရွယ်။ ခြောက်ဆယ့်ခုနစ်နှစ်မှ အသက်တစ်ရာတိုင်အောင် တတိယအရွယ်ဟု သိမှတ်ရသည်။

၁။ တစ်နည်းလည်း မွေးသည်မှ ဆယ်နှစ်တိုင်အောင် အရွယ်ကို မန္ဒဒသက။ အကျိုးအပြစ်ကို ကောင်းစွာမသိ။ မိုက်လေသောအရွယ်။
၂။ ထို့နောက် ဆယ်နှစ်ကာလသည် ခိဍ္ဍာဒသက။ အလွန်ပျော်ပါး မြူးတူးလိုသော အရွယ်။
၃။ နှစ်ဆယ့်တစ်နှစ်ကစ၍ အသက်သုံးဆယ်တိုင်အောင် ဆယ်နှစ်သည် ဝဏ္ဏဒသက။ ဤဘဝတွင် ရုပ်ဆင်းလှရန်ရှိသမျှ ဤဆယ်နှစ်အတွင်းတွင် အကုန်လှပတင့်တယ်၏။
၄။ သုံးဆယ့်တစ်နှစ်မှ အသက်လေးဆယ်တိုင်အောင်ကာလတွင် အားရှိရန် ရှိသမျှအကုန်ကြီး၏။
၅။ လေးဆယ့်တစ်မှ ငါးဆယ်တိုင်အောင် ဆယ်နှစ်သည် ပညာဒသက။ ဤဘဝတွင် ပညာကြီးရန် ရှိသမျှအကုန်ကြီး၏။
၆။ ငါးဆယ့်တစ်မှသည် အသက်ခြောက်ဆယ်တိုင်အောင် ဆယ်နှစ်သည် ဟာနိသက။ ရုပ်အဆင်း၊ ခွန်အား၊ အသိပညာတို့သည် တစ်နှစ်အောက်တစ်နှစ် ဆုတ်၏။
၇။ ခြောက်ဆယ့်တစ်နှစ်မှသည် ခုနစ်ဆယ်တိုင်အောင် ဆယ်နှစ်သည် ပဗ္ဘာရဒသက။ အရေရှုံ့သောအရွယ်။
၈။ ခုနစ်ဆယ့်တစ်နှစ်မှ ရှစ်ဆယ်တိုင်အောင် အရွယ်သည် ဝင်္ကဒသက။ ခါးကုန်းသော အရွယ်။
၉။ ရှစ်ဆယ့်တစ်နှစ်မှ ကိုးဆယ်တိုင်အောင် ဆယ်နှစ်သည် မောမူဟဒသက။ တွေဝေချိန်။ မောခြင်း။ သူငယ်ပြန်ခြင်း ဖြစ်တတ်၏။
၁၀။ ကိုးဆယ့်တစ်နှစ်မှသည် အသက်တစ်ရာတိုင်ကာလသည် သယနဒသက။ အိပ်ရာ၌သာ နေရသောအရွယ်ဟု သိရသည်။

မုံရွေးဆရာတော်ပြုစုသော မဟာသီလဝပျို့သည် ဘုရားအလောင်းတော် မဟာသီလဝမင်းကို ဖွဲ့ဆိုရာ မင်းမှုးမတ်တို့ ကျင့်သုံးရာ ကျင့်ဝတ်ပါရှိပြီး သေနင်္ဂဗျူဟာကျမ်းကိုလည်း ဆရာတော်က နိုင်နင်းတော်မူသည်။

**သီလဝပျို့ပိုဒ်ရေ(၁၀၀)တွင်**

သည်ပတစ်တန်၊ မိန့်တော်ပြန်အံ့၊ တိုင်းစွန်မြေခြား၊ သူ့နယ်နားသို့၊ တပ်ဖျားရှေ့ချီ၊ ရောက်ချေပြီတည်း။ အစီအရင်၊ ဗိုလ်ပါရှင်တို့ သွန်သင်စကား၊ ရဲမက်များကို နားသေဝပ်အောင်၊ လှံ့လဆောင်လော့။

တပ်တောင်တာကို၊ တည်ရာမဟုတ်၊ ချက်တစ်ဖြုတ်မျှ၊ ချက်ပြုတ်စားသောက်၊ နောက်ကတပ်ကို၊ ဆိုင်းငံ့လိုသည်၊ ချောက်လျှိုမြောင်ကြီး ခရီးကတင်း၊ တက်ဆင်းကန့်လန့်၊ ရန်ကိုဟန့်လို၊ ဆီးတန့်ရာ၌၊ စခန်းဆိုက်လော့။ ကိန်းပိုက်တဲနေ၊ ညဥ့်ဖြစ်ချေမူ၊ ကင်းသေကင်းရှင်၊ မြင်လျှင်စုံစမ်း၊ ကြောင်းလမ်းသိအောင်၊ ကုန်းတောင်ပို့များ၊ မီးပွားထွန်းပြ၊ နိမ့်ရာကလျှင်၊ ကင်းမနေစေ၊ အသေဝပ်ဝပ်၊ သည်တွင်ရပ်၍၊ တပ်ထာဝရ၊ ချတော့မည့်ခါ၊ တပ်တောင်တာလည်း၊ ရေရာမကျ၊ ကိစ္စငယ်ကြီး၊ မပြီးသမျှ၊ ကြိုးက တန်ဆာ၊ ဆင်မြင်းမှာလည်း၊ မကွာသင့်သေး။ မြား-လေး-သေနတ်၊ ချပ်မချွတ်တည်း။ မလွတ်လက်နက်၊ ဝပ်လျက်ကတုတ်၊ ခလုတ်ကန်သင်း၊ ခိုမှီခြင်းလည်း၊ မယွင်းစေရ၊ ပြီးကုံငသော်၊ ပြင်ကမီးတား၊ တွင်းကားစောင့်လှူ၊ မထူမပါး၊ စကားမတော်၊ စုတ်ခေါ်လေသံ၊ နာခံမှတ်သား၊ ရဲမက်များလည်း၊ လုံ့ ဓား မဝေး၊ မြား လေး ကိုယ်ပါး၊ ထားတုံ့မပြတ်၊ သေနတ်မီးပေါက်၊ မဖောက်မလွှတ်၊ ပစ်ခတ်သမှု၊ မပြုစေသင့်ဟု တွေ့ရသည်။

စစ်စခန်းချရာ စစ်ရှေ့တန်းနေရာတွင် စစ်ဗိုလ်အား စစ်သူရဲတို့ သိသင့်သိထိုက်သော သေနင်္ဂဗျူဟာကျမ်းတစ်ခုလုံးကို အကျဉ်းချုံး၍ ပြက်ပြက်ထင်ထင် သိမြင်နိုင်အောင် ရေးသော မုံရွေးဆရာတော်၏ မှတ်စုပဒေသာရုပ်ပုံလွှာမှာ အံ့မခန်းနိုင်အောင် သုတပွားစေသည်။

အားလုံးကို ခြုံငုံ၍ဆိုရလျှင် ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားနှင့် ဘကြီးမင်းတရားခေတ်က ထင်ရှားကျော်ကြားသော မုံရွေးဇေတဝန်ကျောင်းဆရာတော် အရိယဝံသ အာဒိစ္စရံသီ၊ ဣန္ဒဝံဇိရာဘိလင်္ကာရ သီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၏ စာပေမှတ်စုများမှာ သုတဝေဖြာ ပြည့်စုံပါသည်။ မြန်မာမှုသေနင်္ဂဗျူဟာကျမ်းကိုလည်း ဖတ်ရှုသူတိုင်းအား အသိပွားစေပါသည်။ ထို့ကြောင့် မုံရွေးဆရာတော်၏ သီလဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ်၊ စာပေဂုဏ်တို့ကို ကြည်ညိုဦးခိုက်ပူဇော်ထိုက်ပါသည်။ ပူဇော်လိုက်ပါသည်။

# စောင့်ရှောက်ရေးစခန်းများရှိ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရန် မလေးရှားဘုရင် မှာကြား



**ကွာလာလမ်ပူ စက်တင်ဘာ ၁၈**

မလေးရှားနိုင်ငံရှိ ဂျီအိုက် အက်စ်ဘီ ကလေးစောင့်ရှောက်ရေးစခန်းများရှိ ကလေးသူငယ်အချို့ အနိုင်ကျင့် လိင်အကြမ်းဖက်ခံရကြောင်း သတင်းများပေါ်လာပြီးနောက် ထိုကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ကြရန် မလေးရှားဘုရင် စူလ်တန်အီဘရာဟင်မ်စူလ်တန်အစ္စကန်ဒါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့် အာဏာပိုင်များကို မှာကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆေလန်ဂေါ်နှင့် နေဂရီဆင်ဘီလန်ဒေသများရှိ အဆိုပါ ကလေးစောင့်ရှောက်ရေးစခန်းများတွင် ကလေးသူငယ် ၄၀၂ ဦး ပိတ်မိနေကာ ကလေးအချို့ လိင်အကြမ်းဖက်ခံရကြောင်း မလေးရှားရဲတပ်ဖွဲ့မှ သတင်းရရှိခဲ့သည်။

ဘုရင်မှာကြားသည့်အတိုင်း လိုက်နာဆောင်ရွက်သည့်အနေဖြင့် ယခင်အပတ်က ရဲတပ်ဖွဲ့ဝင်များ အင်အားစုစည်းကာ အဆိုပါ ကလေးစောင့်ရှောက်ရေးစခန်းများအတွင်းသို့ ရှောင်တခင် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

အသက် တစ်နှစ်မှ ၁၇ နှစ်အကြား ယောကျ်ားလေး ၂၀၁ ဦးနှင့် မိန်းကလေး ၂၀၁ ဦးတို့ကို ရဲတပ်ဖွဲ့က ကယ်ဆယ်နိုင်ခဲ့သည်ဟု စက်တင်ဘာ ၁၁ ရက်တွင် မလေးရှားရဲချုပ် ရာဇာရူဒင်ဟူစိန်က အတည်ပြုကြေညာသည်။

မိမိတို့ရဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြစ်မှုကျူးလွန်သူများကို တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူအပြစ်ပေးနိုင်ရန် စစ်ဆေးမေးမြန်းနေဆဲဖြစ်သည်ဟု ၄င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။ **Mon**



# ဂါဇာကမ်းမြောင်ဒေသ၌ စစ်အဆုံးသတ်ရန် အမေရိကန် ဒုတိယသမ္မတ တိုက်တွန်းနှိုးဆော်

**ဝါရှင်တန် စက်တင်ဘာ ၁၈**

ဂါဇာကမ်းမြောင်ဒေသ၌ စစ်အဆုံးသတ်ရန် အမေရိကန် ဒုတိယသမ္မတ ကာမာလာဟဲရစ် စက်တင်ဘာ ၁၇ ရက်က တိုက်တွန်းနှိုးဆော်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပါလက်စတိုင်း လူမျိုးစုဝင်ပေါင်း ထောင်နှင့်ချီ၍ သေဆုံးခဲ့ရသော ဂါဇာစစ်ကို ရပ်တန့်ပြီးနောက် အစ္စရေးကိုလည်း ဂါဇာကမ်းမြောင်ကို သိမ်းပိုက်ထိန်းချုပ်ထားခွင့်မပြုနိုင်ကြောင်း ၄င်းက ထုတ်ဖော်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု ဖီလာဒဲလ်ဖီးယားဒေသသို့ ရောက်ရှိကာ နိုင်ငံလုံးဆိုင်ရာ လူမည်းသတင်းသမားများအဖွဲ့အစည်းမှ သတင်းသမားများနှင့် တွေ့ဆုံစဉ် ကာမာလာဟဲရစ်က ထိုသို့တိုက်တွန်းနှိုးဆော်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**




# လျှပ်စစ်ကား စုစုပေါင်း ၇၅၄၃၀၃ စီးအထိ နော်ဝေနိုင်ငံ၌ မှတ်ပုံတင်ထားပြီဖြစ်သည်ဟု ဆို

**အော်စလို စက်တင်ဘာ ၁၈**

နော်ဝေနိုင်ငံ၌ လျှပ်စစ်ကား စုစုပေါင်း ၇၅၄၃၀၃ စီးအထိ မှတ်ပုံတင်ထားပြီးဖြစ်သည်ဟု နော်ဝေလမ်းပန်းအဖွဲ့အစည်းက စက်တင်ဘာလလယ်တွင် အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လက်ရှိမှတ်ပုံတင်ထားသော ရေနံအခြေပြုလောင်စာသုံး မော်တော်ယာဉ် အရေအတွက်မှာ ၇၅၃၉၀၅ စီးရှိရာ လျှပ်စစ်ကား အစီးရေက ပိုများနေသည်ကို တွေ့ရမည်ဖြစ်သည်။

လူဦးရေ ၅ ဒသမ ၅ သန်းရှိသော နော်ဝေနိုင်ငံသည် လာမည့် ၂၀၂၅ ခုနှစ်တွင် ဓာတ်ဆီ၊ ဒီဇယ်တို့ဖြင့် မောင်းနှင်သော ကားများရောင်းခြင်းကို ရပ်တန့်တော့မည် ဖြစ်သည်။

နော်ဝေအစိုးရက ဓာတ်ဆီ၊ ဒီဇယ်ကားများ အရောင်းရပ်တန့်မည့် မူဝါဒချမှတ်ထားပြီး လျှပ်စစ်ကားများတင်သွင်းမှုအပေါ် အခွန်အတုပ်လျှော့ချခဲ့ခြင်းသည် လျှပ်စစ်ကားအစီးရေ ပိုများလာစေသော အကြောင်းရင်းဖြစ်သည်။

လျှပ်စစ်ကားများအတွက် နော်ဝေမြို့ပြအာဏာပိုင်များက ယာဉ်ရပ်နားခ အခမဲ့သတ်မှတ်ပေးထားကြောင်း သိရသည်။ **Mon**



# တရုတ်လျှပ်စစ်ကားများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရန် ပင်းဖတ်စ်ကုမ္ပဏီက ဈေးအနည်းဆုံးကားဖြန့်ဖြူး

**ဟနွိုင်း စက်တင်ဘာ ၁၈**

ဗီယက်နမ်အခြေစိုက် ကမ္ဘာကျော် လျှပ်စစ်ကားထုတ်လုပ်ရေး ကုမ္ပဏီက တရုတ်လျှပ်စစ်ကားများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရန် ဈေးအနည်းဆုံး လျှပ်စစ်ကားတစ်မျိုးကို မကြာသေးမီက ကမ္ဘာ့ဈေးကွက်သို့ စတင်ဖြန့်ဖြူးလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။


ဗီအက်ဖ်-၃ ဟု အမည်ပေးထားသော ယင်းတန်ဖိုးနည်းလျှပ်စစ်ကားသစ်သည် ဗင်းဖတ်စ်ကုမ္ပဏီလုပ် လျှပ်စစ်ကားများထဲတွင် ဈေးအနည်းဆုံးဖြစ်ကြောင်း ထိုကုမ္ပဏီ၏ အရောင်းနှင့် ဈေးကွက်ဆိုင်ရာ အမှုဆောင်အရာရှိချုပ် မစ္စထရန်မိုင်ဟွာက ရှင်းလင်းပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလတွင် ယင်းလျှပ်စစ်ကားကို စတင်မိတ်ဆက်ပြသပြီးနောက် မေလ၌ ကြိုတင်မှာယူမှုများကို လက်ခံခဲ့သည်။

ထိုစဉ်ကပင် ဗင်းဖတ်စ်နှစ်သက်သူများက ၆၆ နာရီအတွင်း ဗီအက်ဖ်-၃ လျှပ်စစ်ကားအစီးရေ ၂၇၆၄၉ စီး မှာယူခဲ့သည်။

အဆိုပါဗီအက်ဖ်-၃ လျှပ်စစ်ကားကို တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၁၂၈၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချနေကြောင်း သိရသည်။ **Mon**





# အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းလျှော့ချပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်၌ ဈေးနှုန်းများ တည်ငြိမ်လျက်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၈**

စက်တင်ဘာ ၁၇ ရက်တွင် အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းလျှော့ချပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်၌ ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသ အပါအဝင် အရှေ့အလယ်ပိုင်းဒေသတွင် စစ်ရေးပဋိပက္ခဖြစ်ပွားရာမှ ကမ္ဘာ့ရေနံဈေးနှုန်းများ မတည်မငြိမ်ဖြစ်ခဲ့သည်။

အမေရိကန်ဒေါ်လာကလည်း ထိုရေနံဈေးနှုန်းများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသဖြင့် အမေရိကန် ဗဟိုဘဏ်၏အတိုးနှုန်း အပြောင်းအလဲကြောင့် ပြန်လည်တည်ငြိမ်လာခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



သေဒဏ်ချမှတ်ခံထားရသည့် မူးယစ်ဆေးဝါးမှောင်ခိုကျူးလွန်ခဲ့သူ လေးဦး အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ သယ်ဆောင်လာသော မူးယစ်ဆေးဝါးများကို သတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်။ **Mon**

# ပေါ်တူဂီနိုင်ငံ၌ တောမီး အကြိမ်(၅၀)ကျော် တောက်လောင်နေ မီးသတ်တပ်ဖွဲ့ဝင် သုံးဦး အသက်စွန့်မီးငြိမ်းသတ်ခဲ့

**လစ္စဘွန်း စက်တင်ဘာ ၁၈**

ပေါ်တူဂီနိုင်ငံ၌ တောမီး အကြိမ်(၅၀)ကျော် တောက်လောင်နေခဲ့ရာ မကြာသေးမီက မီးသတ်တပ်ဖွဲ့ဝင် သုံးဦး အသက်စွန့်မီးငြိမ်းသတ်ခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့ အသက်စွန့်ပြီး တာဝန်ထမ်းဆောင်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင် သုံးဦးမှာ လစ္စဘွန်းမြို့တော် အရှေ့မြောက်ဘက် မိုင် ၁၉၀ ခန့်အကွာရှိ နေလတ်စ်မြို့၌ မီးထဲပါသွားခဲ့ခြင်း ဖြစ်သည်။

ယင်းတောမီးများကို ထိန်းချုပ်နိုင်ရန်အတွက် ပေါ်တူဂီမီးသတ်တပ်ဖွဲ့ဝင်ပေါင်း ၅၃၀၀ ခန့် လူစုခွဲပြီး ငြိမ်းသတ်နေရသဖြင့် မနိုင်တော့ကာ သက်ဆိုင်ရာအာဏာပိုင်များက ဥရောပသမဂ္ဂထံသို့ ဆက်သွယ်အကူအညီတောင်းခံထားသည်။



ရာသီဥတုအပူချိန်သည် ၃၀ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ မြင့်တက်လာပြီးနောက်ပိုင်းတွင် ပေါ်တူဂီ တောမီးအခြေအနေ ပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ ပြောခွင့်ရသူက ရှင်းပြသည်။

အိမ်နီးချင်း စပိန်နိုင်ငံတွင်မူ မိုးရွာနေသဖြင့် တောမီးနှင့်ပတ်သက်၍ စိတ်အေးရပြီဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## 2 PM မှ Junho ဆိုးလ်မြို့ဂန်နမ်တွင် အဆောက်အအုံတစ်ခု ဝယ်ယူထား

တူးပီအင်န်အဖွဲ့ဝင် ဂျွန်ဟိုသည် ဆိုးလ်မြို့ ဂန်နမ်ရှိ အဆောက်အအုံတစ်ခုကို ဝယ်ယူထားသည်ဟု အိမ်၊ ခြံ၊ မြေ သတင်းရပ်ကွက်မှ ထွက်ပေါ်လာသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ အဆောက်အအုံမှာ စီးပွားရေးအဆောက်အအုံတစ်ခု ဖြစ်ပြီး ဝမ် ၁၇ ဒသမ ၅ ဘီလီယံနှင့် ဂျွန်ဟိုက ဝယ်ယူထားကာ မြေညီမှ အထပ်လေးထပ်ပါရှိပြီး စီးပွားရေးအချက်အချာကျသော နေရာတစ်ခု ဖြစ်သည်။

လစဉ်ငှားရမ်းခ ဝမ်သန်း ၂၀ နှင့် လုံခြုံရေးစပေါ်ငွေ ဝမ်သန်း ၂၀၀ ရှိပြီး Shinhan Asset Trust Company မှ စီမံခန့်ခွဲထားကာ အဆောက်အအုံ မန်နေဂျာ ပတ်ဂျီအွန်းက ယခင်က မင်းသမီး ကန်ဆိုယွမ်ပိုင်ဆိုင်ထားပြီး ၂၀၁၇ ခုနှစ်တွင် ဝမ်ရှစ်ဘီလီယံနှင့်ဝယ်ယူထားကာ မဆုံးမီ ၂၀၂၂ ခုနှစ်မေလအထိ ပိုင်ဆိုင်ထားသည်ဟု ပြောကြားခဲ့သည်။

ဂျွန်ဟို၏ အဆောက်အအုံမှာ စီးပွားရေးအချက်အချာကျသည့် နေရာဖြစ်၍ ပရိသတ်များအားကျနေကြသည်။

(SKY)



## မှတ်ဉာဏ်ပိုမိုကောင်းမွန်စေရန်အတွက် အိပ်မောကျနေစဉ် အသံလှိုင်းဖြင့် ကုသနိုင်

အသက်အရွယ်ကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မှတ်ဉာဏ်ထိခိုက်ချို့ယွင်းသွားလေ့ရှိရာ ခေတ်ပြိုင်ဆေးသိပ္ပံပညာရှင်များက မှတ်ဉာဏ်ကောင်းမွန်လာစေရန် နည်းအမျိုးမျိုးဖြင့် ကုစားရန် ကြိုးပမ်းလျက်ရှိကြသည်။

ထိုသို့ ကြိုးပမ်းနေကြသူများထဲတွင် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့တော်ရှိ ဧကရာဇ်ကောလိပ်သုတေသနနှင့် နည်းပညာဌာနမှ သုတေသီများလည်းပါဝင်ရာ ၎င်းတို့ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သော ရလဒ်ကို ဥရောပဆေးသိပ္ပံပညာရှင်များ စိတ်ဝင်စားခဲ့ကြသည်။

အဆိုပါရလဒ်မှာ မှတ်ဉာဏ်ပိုမိုကောင်းမွန်စေရန်အတွက် အိပ်မောကျနေစဉ် သီတာ(သို့မဟုတ်) ဘီတာ အသံလှိုင်းဖြင့် ကုသနိုင်သည်ဟူသော တွေ့ရှိချက်ပင်ဖြစ်ကြောင်း သိရသည်။

SCI

## Mia Goth ၏ MaXXXine ဇာတ်ကားထွက်ရှိလာ

ဟောလိဝုဒ်မင်းသမီး မီဂါဂေါ့သ် ပါဝင်ထားသည့် မက်ဆင်း MaXXine ဇာတ်ကားထွက်ရှိလာပြီး ပရိသတ်ချီးကျူးမှု ရရှိထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမိက သရုပ်ဆောင်အဖြစ် မီဂါဂေါ့သ်ပါဝင်ထားပြီး မျက်လုံးအကြည့်၊ မျက်နှာအမူအရာများနှင့် သရုပ်ဆောင်သွားသဖြင့် ပရိသတ် ချီးကျူးမှုရရှိထားကာ နောက်ခံတေးများကို ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကာလ ခံစားချက်ရရန် ဖန်တီးထားသည်။

အဆိုပါ ရုပ်ရှင်သည် X 2022 ၏ အဆက်ဇာတ်ကားဖြစ်ပြီး မက်ဇင်းဘဝဇာတ်ကြောင်းများဖြစ်ကာ လူသတ်သမားလျှို့ဝှက်ချက်ကို ထိန်းထားနိုင်ခဲ့ပြီး ဟောလိဝုဒ်ကြယ်တစ်ပွင့်ဖြစ်ချင်သည့် အိပ်မက်ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ တစ်ဆက်တည်းပင် ကွင်းဆက်လူသတ်သမားအကြောင်းလည်း ထည့်သွင်းထား၍ စိတ်ဝင်စားဖွယ်မြင်တွေ့ကြရသည်။

(SKY)






## Twice ၏ Ready To Be အောင်မြင်စွာ ပြီးဆုံး

နာမည်ကျော် ကေပေါ့ပ် အမျိုးသမီးအဖွဲ့ Twice ၏ 5th World Tower Ready To Be သည် အောင်မြင်စွာနှင့် ဖျော်ဖြေပွဲပြီးစီးခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Twice အဖွဲ့ဝင်များ၏ ငါးကြိမ်မြောက် ဖျော်ဖြေမှုဖြစ်ပြီး အဖွဲ့ဝင်များအားလုံး ကြိုးစားခဲ့ကြ၍ အားအင်အပြည့်နှင့် ဖျော်ဖြေခဲ့ကြပြီး သူတို့အမာခံပရိသတ်များဖြစ်သည့် ဝမ်းစ်များအတွက်ပါ ပွဲများ ကျင်းပပေးခဲ့သည်။

အဖွဲ့ဝင်များအားလုံး တစ်နှစ်ခွဲတိတိအနားယူခဲ့ကြရာမှ ငါးကြိမ်မြောက် တာဝါဖျော်ဖြေပွဲကို Ready To Be အမည်နှင့် ဖျော်ဖြေပွဲကို ပရိသတ် တစ်ခဲနက်အားပေးထားကြပြီး အောင်မြင်စွာကျင်းပပြီးဆုံးခဲ့သည့်အတွက် ပရိသတ်ဂုဏ်ယူမဆုံးဖြစ်နေကြသည်။

(SKY)



## Gong Jun က သူငယ်ချင်းအကြောင်း ဝေမျှထား

နာမည်ကျော်တရုတ်အနုပညာကြယ်တစ်ပွင့်ဖြစ်သည့် ဂေါင်ဂျွန်သည် အားကစားလိုက်စားသူဖြစ်ပြီး သူ၏ သူငယ်ချင်းကို အားကစားနှင့် ပတ်သက်၍ ကူညီပေးခဲ့သည့်အကြောင်း ပရိသတ်ကို ဝေမျှပေးထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂေါင်ဂျွန်က အားကစားလိုက်စား၍ သင်တန်းကြေးများ သွင်းထားရာမှ ရိုက်ကူးရေးများနှင့်မအားလပ်၍ မသွားနိုင်ဖြစ်နေသည်ကို သူငယ်ချင်းဖြစ်သူ ကျန်ရန်ရှီးက ကျန်သင်တန်းချိန်များ သူ့ကို ပေးရန် တောင်းဆိုခဲ့၍ ပေးလိုက်ရသည်ဟု ပရိသတ်ကို ဝေမျှပေးထားသည်။

ဂေါင်ဂျွန်နှင့်ကျန်ရှန်ရှီးတို့ နှစ်ဦးခင်မင်မှုကို ရှောင်းကျန့်နှင့် ဝမ်ရီဘို ခင်မင်မှုမျိုးဖြစ်သည်ဟု ပရိသတ်အချို့က မှတ်ချက်ပေးထားကြသည်။

(SKY)

## Song Zuer ၏ ကံကြမ္မာကို ပရိသတ်စိတ်ဝင်စားနေ

တရုတ်အနုပညာရှင် ဆောင်ဇူရာသည် အခွန်ရှောင်ရှားမှု ပြဿနာနှင့် အနုပညာလုပ်ငန်းများ ရပ်နားထားခဲ့ရာမှ ထပ်မံ၍ အခွန်ကိစ္စသတင်းပြန်ပေါ်လာ၍ သူ့ကံကြမ္မာကို ပရိသတ်စိတ်ဝင်စားနေကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆောင်ဇူရာသည် ဝမ် ၁ ဒသမ ၄၂၅ မီလီယံကို အခွန်ရှောင်ခဲ့ပြီး ၁ ဒသမ ၂၉ မီလီယံကို နောက်ကျမှ ပေးခဲ့၍ ကြွေးကျန်နေရာမှ ယခင်ကုမ္ပဏီတွင် ရှိသည့် ၂၀၁၈-၂၀၂၀ ပြည့်ကာလကို အစစ်ဆေးခံခဲ့ရခြင်းဖြစ်ကာ ကိုယ်ပိုင်ကုမ္ပဏီနှင့်အလုပ်လုပ်နေသူ ဖြစ်သည်။

ဆောင်ဇူရာသည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှစ၍ အခွန်ရှောင်ကိစ္စသည် ကုမ္ပဏီတွင် ရှိသည့်အချိန်ဖြစ်ပြီး ကုမ္ပဏီမှာလည်း အခွန်ပြစ်ဒဏ်ခံရမည်ဖြစ်ကာ သူ၏ စတူဒီယိုက ဩဂုတ်လတွင် ဆောင်ဇူရာကို အခွန်ရှောင် အပြစ်ပေးခံရခြင်းမျိုးမရှိကြောင်း အခွန်ကိစ္စကင်းရှင်းကြောင်း ကုမ္ပဏီက ထုတ်ပြန်ပေးခဲ့သည်။

အခွန်ကိစ္စသတင်းပေးသူများကလည်း ဆောင်ဇူရာသည် အခွန်ရှောင်ခဲ့သည့်ကိစ္စကို အချက်အလက်နှင့်ကိုင်၍ပြသခဲ့ရာ ဇာတ်ကားနှစ်ကားရိုက်ကူးရာမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း ကောလိပ်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမသမာမှုများကိုပါ ထပ်မံထောက်ပြသွားခဲ့၍ သူ၏ ကံကြမ္မာကို ပရိသတ်စိတ်ဝင်စားနေကြသည်။

(SKY)



## BTS မှ V@Kim Taehyung က အနုပညာကို လုပ်ဆောင်ချက်နှင့် သက်သေပြသွား

ဘီတီအက်စ်အဖွဲ့ဝင် ဗွီသည် အနုပညာစင်မြင့်ပေါ်တွင် တက်ကြွလန်းဆန်းနေကာ ပြင်ပဘဝ ကင်ထယ်ယောင်းမှာ အေးဆေးနူးညံ့သူဖြစ်သည်ကို နှစ်ကိုယ်ခွဲ၍ သရုပ်ဆောင်အမေးအဖြေလုပ်ကာ အနုပညာကို လုပ်ဆောင်ချက်နှင့် သက်သေပြသွားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဗွီ(ခေါ်)ကင်ထယ်ယောင်းသည် အဆိုတော်အပြင် သရုပ်ဆောင်ကိုပါ စိတ်ဝင်စားသူဖြစ်ပြီး ဗွီနှင့် ကင်ထယ်ယောင်းနှစ်ကိုယ်ခွဲ အင်တာဗျူးကို ကိုယ်တိုင်ရိုက်ကူး၍ အနုပညာဆိုသည်ကို ဆွေးနွေးခဲ့သော ဗီဒီယိုဖိုင်ထွက်ရှိလာခဲ့သည်။

အနုပညာဆိုသောအရာမှာ စကားလုံးနှင့်ဖော်ပြ၍မရဘဲ စကားလုံးများကို ကျော်လွန်၍ အရာရာကို ဖြတ်သန်းခြင်းဖြင့် ရိုးရိုးရှင်းရှင်းဖော်ပြသည်ဟု နှစ်ကိုယ်ခွဲဆွေးနွေးရာတွင် ပြောကြားသွားခဲ့သည်။

ဗွီ(ခေါ်)ကင်ထယ်ယောင်းသည် လက်ရှိကမ္ဘာ့အနုပညာရှင်များကြားတွင် ထိပ်ဆုံးစာရင်းဝင်ခဲ့ပြီး ဗွီ၊ ဂျေဟုတ်၊ ဂျင်၊ ဂျီမင်၊ ဆူဂါ၊ တေလာဆွစ်၊ ဘီလီအင်ဂလိပ်ရှ်၊ လီဆာ၊ အာရ်အမ်၊ ဂျင်းနီ၊ ရိုစ်၊ ဂျက်စတင်ဘီဘာ၊ ဘတ်ဘန်နီ၊ ဂျီဆို၊ ကာရီးဂျီနာ၊ ဖိလစ်တို့ အစဉ်လိုက်အကြိုက်ဆုံးပေါ့ပ် အနုပညာရှင်စာရင်းဝင်ခဲ့သည်။ (SKY)



# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များအား သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များမှာကြား၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၈





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံတပ်ဌာနချုပ်တွင် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရေကြီးရေလျှံမှု သဘာဝဘေးဒဏ် ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နယ်မြေခံ တပ်ဌာနချုပ်ခန်းမ၌ အရာရှိ၊စစ်သည်၊မိသားစုများအား တွေ့ဆုံ၍ မမျှော်မှန်းနိုင်သော ရုတ်တရက် ဖြစ်ပေါ်လာသည့် သဘာဝဘေးဒဏ်ကို ကြုံတွေ့ခဲ့ရသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ အခက်အခဲများအား ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ကြိုတင်သတိပေးချက်များ ရှိခဲ့သော်လည်း ယခုအတိုင်းအတာအထိ မိုးသည်းထန်စွာ ရွာသွန်းမည်ဟု မှန်းဆမှု မရှိခဲ့ကြကြောင်း၊ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်း တောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာ လမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် တောင်ပြို၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ တရားဝင် ခွင့်ပြုပေးထားသည့် သစ်ကွင်းများမှ သယ်ယူနိုင်ခြင်း မရှိသေးသည့် သစ်လုံးကြီးများ၊ သစ်လုံးကြီးများ ထုတ်ယူရာတွင် ဖြတ်တောက်ထားသည့် ဖြတ်စများသည်လည်း တောင်ကျရေစီးကြောင်းများနှင့်အတူ မျောပါတိုက်စားခဲ့သောကြောင့် ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားခဲ့ရခြင်း ဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် လိုအပ်သည့် ထောက်ပံ့မှု များကိုလည်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**စနစ်တကျ သုတေသန ပြုလုပ်၍ ရွှေ့ပြောင်းဆောက်လုပ်**

တာဝန်ရှိသူများ အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုများနှင့် ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည့် လမ်းကြောင်းများ ရှင်းလင်းခြင်းကို ဦးစွာ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သွားလာရေးကိစ္စပြီးပါက ဒုတိယဦးစားပေးအနေဖြင့် ရေ၊ မီးများ ရရှိရေးကို ဆောင်ရွက် ပေးသွားရန်လိုပြီး ထိုမှတစ်ဆင့် အခြားပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိသားစုဝင်များ၏ နေရေး၊ စားရေး အဆင်ပြေစေရေးအတွက်လည်း စီမံပေးရမည်ဖြစ်ပြီး အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုဖြစ်စဉ်ကိုသင်ခန်းစာယူ၍ ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာချိန်တွင် ရေလမ်းကြောင်းနှင့် မလွတ်ကင်းနိုင်သည့် အဆောက်အအုံများကိုစနစ်တကျသုတေသနပြုလုပ်၍ ရွှေ့ပြောင်းဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့်အခြားလိုအပ်သည်များကို မှာကြားသည်။

**စာမျက်နှာ ၅ သို့** ■

# တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ် ပိုမိုအားကောင်းလာနိုင် စက်တင်ဘာ ၂၀ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော် ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၈

သချာပုံစံပြုမော်ဒယ်လ်များ၏ ခန့်မှန်းချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ကာ စက်တင်ဘာ ၂၀ ရက်တွင် ဗီယက်နမ်နိုင်ငံကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ပြီး စက်တင်ဘာ ၂၀ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်ရောက်ရှိနိုင်ပါသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းငယ်၏ အကြွင်းအကျန် တိမ်တိုက်များနှင့် လေပွေလှိုင်းသည် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ပြီးနောက် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ပြန်လည်အစပျိုးအားကောင်းလာနိုင်ပါသည်။

အဆိုပါ ဖြတ်ကျော်လာနိုင်သည့် လေပွေလှိုင်း၏ အရှိန်ကြောင့် စက်တင်ဘာ ၂၁ ရက်မှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ **စာမျက်နှာ ၁၀ သို့** ❖